


# အဆိပ်သင့် တောင်တန်းများ

## မြန်မာစစ်အစိုးရ ထိန်းချုပ်မှုအောက်တွင် ဘိန်းစိုက်ပျိုးမှု များပြားတိုးတက်လာခြင်း

ပလောင်အမျိုးသမီးအစည်းအရုံး

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| Alternative ASEAN | မြန်မာ့ရေးရာ အာဆီယံကွန်ရက်အဖွဲ့ |
| INGO | နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ |
| IB | ခြေလျင်တပ်ရင်း |
| LIB | ခြေမြန်တပ်ရင်း |
| MNDAA | မြန်မာ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (ကိုးကန့်အဖွဲ့) |
| PSLA | ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်မတော် |
| PSLF | ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်ဦး |
| PWO | ပလောင်အမျိုးသမီး အစည်းအရုံး |
| SHAN | ရှမ်းသံတော်ဆင့် သတင်းဌာန |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရ |
| TSYO | တအာင်းကျောင်းသားနှင့်လူငယ်များ အစည်းအရုံး |
| UNODC | ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး |
| UWSA | ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် |

**ပလောင်အမျိုးသမီးအစည်းအရုံးမှ ၂၀၁၀ ဇန်နဝါရီလတွင် ထုတ်ဝေပါသည်။**

# မာတိကာ


အစီရင်ခံစာအကျဉ်း ---------- ၁

နိဒါန်း ---------- ၅

ရပ်ရွာအခြေခံသည့် အကဲဖြတ်လေ့လာမှု နည်းလမ်း ---------- ၆

နောက်ခံ အကြောင်းအချက်များ ---------- ၈

မြန်မာနိုင်ငံရှိ မူးယစ်ဆေး ပပျောက်ရေးစစ်ပွဲ
အောင်မြင်မှုလော၊ ကျရှုံးမှုလော ---------- ၉

မူးယစ်ဆေးဝါးပြဿနာနှင့် ပတ်သက်သည့် ဖြစ်ထွန်းမှုများ ---------- ၁၁

စစ်အစိုးရက အပစ်အခတ်ရပ်စဲရေး အင်အားစုများကို
မူးယစ်ဆေး လုပ်နေသူများအဖြစ်စတင် နာမည်ဖျက်လာခြင်း ---------- ၁၁

စစ်အစိုးရက ပြည်သူ့စစ်တပ်ဖွဲ့များ တိုးချဲ့နေမှုကြောင့်
မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို မီးစိမ်းပြ ခွင့်ပြုထားခြင်း ---------- ၁၂

စစ်အစိုးရက ပလောင်ဒေသတွင် မူးယစ်ဆေးဝါး
ထုတ်လုပ်ရောင်းဝယ်မှုကို ပုံမှန်အတိုင်းခွင့်ပြုထားခြင်း ---------- ၁၄

တွေ့ရှိချက်များ ---------- ၁၉

မန်တုန်နှင့် နမ့်ခမ်းဒေသများတွင် ဘိန်းစိုက်ပျိုးမှု တိုးများလာခြင်း ---------- ၂၀

မန်တုန်။ ဘိန်းစိုက်ပျိုးရာ ကျေးရွာများ
အရေအတွက် ၃-ဆမျှ တိုးတက်လာခြင်း ---------- ၂၀

ဘိန်းစိုက်ပျိုးနှုန်း ၆-ဆ များပြားလာခြင်း ---------- ၂၀

နမ့်ခမ်း။ ဘိန်းစိုက်ဧရိယာ ၂-ဆမျှ တိုးတက်လာခြင်း ---------- ၂၀

အာဏာပိုင်များက ဘိန်းတောင်သူများထံမှ
ငွေညှစ်တောင်းခံနေခြင်း ---------- ၂၄

အာဏာပိုင်များက ဘိန်းခင်း အများစုကို
မဖျက်ဆီးဘဲ မတို့မထိထားခဲ့ခြင်း ---------- ၂၆

ဘိန်းစိုက်ပျိုးမှုက ပလောင်လူမျိုးတို့ ရှိရာ
လက်ဖက်စိုက်ပျိုးမှုကို အစားထိုးလာခြင်း ---------- ၂၉

ပလောင်ကျေးရွာများတွင် မူးယစ်ဆေးစွဲမှု
တိုးပွားများပြားလာခြင်း ---------- ၃၁



အိန္ဒိယနိုင်ငံ
တရုတ်နိုင်ငံ
နမ့်ခမ်းမြို့
မန်တုန်မြို့
မြန်မာနိုင်ငံ
လာအို
ထိုင်းနိုင်ငံ

## အစီရင်ခံစာ အကျဉ်းချုပ်

ပြီးခဲ့သည့် ၂–နှစ်အတွင်း ပလောင်အမျိုးသမီး အစည်းအရုံးက ဆောင်ရွက်ခဲ့သည့် ရပ်ရွာ အကဲဖြတ်လေ့လာချက်အရ မြန်မာနိုင်ငံ၊ မြောက်ပိုင်း ရှမ်းပြည်နယ်အတွင်းတွင် ဘိန်းစိုက်ပျိုးမှု သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိခဲ့ရပါသည်။ စိုက်ပျိုးနေသည့် ပမာဏသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး **(UNODC)** က အစီရင်ခံ တင်ပြထားသည့် နှစ်စဉ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဆန်းစစ်မှုထက်များစွာ များပြားနေသည်ကို တွေ့ရသည်။ ဤသို့ ဘိန်း စိုက်ပျိုးမှု ထွန်းကားနေခြင်းမှာ ကုလသမဂ္ဂက စွပ်စွဲဖော်ပြထားသလို "သူပုန်အဖွဲ့များနှင့် အပစ် ခတ်ရပ်စဲရေး အဖွဲ့များ" ထိန်းထားချုပ်ထားရာ ဒေသများ မဟုတ်ဘဲ၊ မြန်မာစစ်အစိုးရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ထိန်းချုပ်ထားသည့် ဒေသများအတွင်း ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

၂၀၀၇–၂၀၀၉ ခုနှစ်အတွင်း နမ့်ခမ်းနှင့် မန်တုန်မြို့နယ်များအတွင်း ကွင်းဆင်း စစ်ဆေးလေ့လာခဲ့ပြီး၊ လွန်ခဲ့သည့် ၃–နှစ်ခန့်က ရှိခဲ့သည့် ဘိန်းစိုက်ဧရိယာထက် ၅–ဆမျှ တိုးတက်များပြားလာသည်ကို တွေ့ရသည်။ ပမာဏအားဖြင့် ယခင် (၂၀၀၆–၂၀၀၇) ခုနှစ်တွင် ၉၆၃ ဟက်တာမှ (၂၀၀၈–၂၀၀၉) ခုနှစ်တွင် ၄,၅၄၅ ဟက်တာ ရှိလာခဲ့သည်။

နမ့်ခမ်းနှင့် မန်တုန်မြို့နယ်များသည် (နအဖ) စစ်အစိုးရ ထိန်းချုပ်ထားရာ ဒေသများ ဖြစ်ကြသည်။ ဤဒေသများအတွင်း (နအဖ) စစ်အစိုးရ၏ တပ်ရင်းများ၊ ရဲဌာန၊ စစ်အစိုးရ ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များအပြင် လုံခြုံရေး ယန္တယားပုံနှံ့စွာ ချထားသော ဒေသလည်း ဖြစ်သည်။ ၎င်းပြည်သူ့စစ်တပ်ဖွဲ့များကို ဘိန်းစိုက်ပျိုးမှုဖြင့် တရားမဝင် ကိုယ်ပိုင်ဝင်ငွေ ရှာဖွေခွင့် ပြုထားပြီး၊ အပြန်အလှန်အားဖြင့် တော်လှန်ရေး လှုပ်ရှားမှုများကို ထိုအဖွဲ့ များက ပူးပေါင်းနှိမ်နင်းပေးခြင်းအတွက် ဆုချထားခြင်း ဖြစ်သည်။ အထူးသဖြင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်မီတွင် ဤသို့ဖိနှိပ်ရေး လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နေခြင်းလည်း ဖြစ်သည်။

ဒေသခံအာဏာပိုင်များ၊ မြို့နယ်အသီးသီးမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းထားသည့် "မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့များ" က ကျေးရွာလူထုများထံမှ တဖက်တွင် ဘိန်းစိုက်ပျိုးခွင့် ပြုထားရင်း၊ တဖက်တွင်လည်း စနစ်တကျ ငွေညှစ်ကောက်ခံလျက် ရှိသည်။ (၂၀၀၇–၂၀၀၈) ခုနှစ် ဘိန်းစိုက်ရာသီ အတွင်း မန်တုန်မြို့နယ်အတွင်း၌ ၎င်းအာဏာပိုင်များက ငွေကျပ်ပေါင်း ၃၇ သန်းမျှကို ကျေးရွာ ၂၈– ခုထံမှ လာဘ်ငွေအဖြစ် တောင်းယူခဲ့ကြပါသည်။

ပလောင်အမျိုးသမီးအစည်းအရုံးမှ တွေ့ရှိသည့် အချက်အလက်များအရ "မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့များ" သည် အဓိကကျသည့် ဘိန်းခင်းများကို မတို့မထိဘဲ ထားစေပြီး ရဲဌာနချုပ်သို့ မူးယစ်ဆေးဝါးနှိမ်နင်းမှု အတုအယောင်သတင်းများကို လုပ်ကြံ အစီရင်

ခံနေကြပါသည်။ ပလောင်အမျိုးသမီး အစည်းအရုံးမှ တွေ့ရှိချက်အရ (၂၀၀၈–၂၀၀၉) ခုနှစ်တွင် ဘိန်းစိုက်ခင်းများ၏ ၁၀ ရာခိုင်နှုန်းကိုသာ ဖျက်ဆီးခဲ့ပြီး၊ လူမြင်သာသည့် နေရာများမှ အခင်းများကိုသာ ဖျက်ဆီးခဲ့ကြပါသည်။

အာဏာပိုင်များက မူးယစ်ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ အကျိုးအမြတ် ဖြစ်ထွန်းနေကြသည့်အတွက်ကြောင့်လည်း၊ မူးယစ်ဆေးဝါး သုံးစွဲမှုများ ပို၍ တိုးတက်များပြားလာစေသည်။ မန်တုန်မြို့နယ်အတွင်းရှိ ကျေးရွာတခုကို စစ်တမ်းကောက်ယူရာ၌ အသက် ၁၅ နှစ် အထက် ယောကျ်ားများ ဘိန်းစွဲနေသည့်နှုန်းသည် ၂၀၀၇ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်းမှ ၂၀၀၉ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ နမ့်ခမ်းမြို့ အနီးတဝိုက်တွင် ဘိန်းဖြူစွဲနေသူများက ဘိန်းခန်းများသို့ ပြောင်ပြောင်တင်းတင်း သွားရောက်သုံးစွဲနေကြပြီး၊ ဘိန်းရောင်းသူများကလည်း ဘိန်းမဲနှင့် စိတ်ကြွဆေး အမ်ဖီတမင်း ဆေးပြားများကို သူတို့၏ အိမ်များ၌ အထင်အရှား ရောင်းချနေကြပါသည်။

ပလောင်အမျိုးသမီး အစည်းအရုံးမှ တွေ့ရှိချက်များအရ မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါး ပြဿနာတွင် ဖွဲ့စည်းပုံအရ အခြေခံကျကျ ပြဿနာများ အမြစ်တွယ်နေသည်ကို တွေ့ရသည်။ စစ်အစိုးရက တိုင်းရင်းသားဒေသများတွင် စစ်တပ်အင်အားတိုးချဲ့ရေး မဟာဗျူဟာကို လုံးပမ်းနေပြီး၊ တိုင်းရင်းသား သူပုန်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး အဖြေရှာရမည့်အစား ၎င်းတို့ကို ချေမှုန်း အနိုင်ယူရန် ကြိုးပမ်းနေလျှက် ရှိသည်။ သို့အတွက်ကြောင့်ပင် လုံခြုံရေးတပ်ဖွဲ့များတိုး၍ တိုး၍ ချထားလာနေပြီး၊ ဤတပ်ဖွဲ့ များကို တဖက်က ဘိန်းမူးယစ်ဆေးဝါးမှ ရရှိသည့် ဝင်ငွေဖြင့် ထောက်ပံ့ပေးလျှက် ရှိသည်။ မည်သည့်တန်ဖိုးပေးရ ပေးရ အာဏာတည်မြဲရေးအတွက် ဆောင်ရွက်နေသည့် စစ်အစိုးရသည် ၎င်းကိုယ်တိုင်က ကြွေးကြော်ထားသော မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း ပြန်လည်ချေဖျက်လျှက် ရှိနေသည်။

စစ်အစိုးရ၏ တပ်အင်အားတိုးချဲ့ချထားရေး မဟာဗျူဟာကို မရပ်သိမ်းသ၍ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်စေရေး အတွက် နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုများသည်လည်း အချည်းနှီးဖြစ်ရပါလိမ့်မည် ဖြစ်သည်။ ဒေသအတွင်းသို့ ဆိုးကျိုး ရိုက်ခတ်မှုများ ဖြစ်ပေါ်နေစေသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းရန်ဆိုလျှင်၊ ပြည်တွင်းစစ်မီး၏ အခြေခံ ရေသောက်မြစ် အကြောင်းအရင်းများကို နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်း ဖြေရှင်းရေးကလည်း မရှိမဖြစ် အရေးပေါ် လိုအပ်နေပါသည်။

**သို့အတွက်ကြောင့် ပလောင်အမျိုးသမီး အစည်းအရုံး အနေနှင့် အောက်ဖော်ပြပါ အကြံပြုချက်များ ပြုလိုပါသည်။**

**မြန်မာစစ်အစိုးရ အနေနှင့်–**

- တနိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးကို ချက်ချင်း အကောင်အထည်ဖော်ရန်နှင့် မြန်မာနိုင်ငံတွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရန် ပထမဦးဆုံး ခြေလှမ်းအနေနှင့် တိုင်းရင်းသားခေါင်းဆောင် များ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့နှင့် တွေ့ဆုံ ဆွေးနွေးရန်။ ဤနည်းသည်သာ မြန်မာနိုင်ငံတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်မည့် တခုတည်းသော နည်းလမ်း ဖြစ်သည်။
- တိုင်းရင်းသား ဒေသများအတွင်း ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ အတင်းအကျပ် သိမ်းသွင်းစည်းရုံးနေမှုကို ရပ်ဆိုင်းပါရန်။

**ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) အနေနှင့်**

- မြန်မာနိုင်ငံတွင် နှစ်စဉ် ဘိန်းစိုက်ပျိုးမှု စစ်တမ်းကောက်ယူမှုဆိုင်ရာ အချက်အလက် စုဆောင်း ခြင်းကို ပို၍အရည်အသွေးမြှင့်တင် ဆောင်ရွက်ရန်နှင့် ရရှိလာသည့် အချက်အလက်များ တိကျမှန်ကန်မှုအတွက် စစ်ဆေး သေချာစေရန်၊ အထူးသဖြင့် စစ်တမ်းကောက်ယူမှု ရလဒ်ကို ပုံနှိပ်မဖြန့်ချိမီကာလတွင် စစ်အစိုးရကထောက်ပံ့ပေးလာသည့် သတင်းအချက်အလက်များကို သီးခြားလွတ်လပ်သည့် ရင်းမြစ်များနှင့် ပြန်လည်တိုက်ဆိုင် စစ်ဆေးရန်၊ နိုင်ငံရေးအရ သုံးသပ်ချက်များကိုလည်း မှားယွင်းမှု မရှိစေရန်နှင့် လွဲချော် ကောက်ချက် မချမိစေရေးအတွက် သေချာစစ်ဆေး ပါရန်။
- စစ်တမ်းကောက်ယူရေးနှင့် အစီအစဉ်ကို ပြန်လည်သုံးသပ်ရာ၌ သီးခြား လွတ်လပ်သည့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် တိုင်ပင် အကြံရယူရန်၊ အချက်အလက်များကို ပို၍ တိကျစွာတိုက်ဆိုင် စစ်ဆေးနိုင်ရန်၊
- (UNODC) အစီအစဉ် ဆောင်ရွက်နေရာ ဒေသများအတွင်း စစ်အစိုးရနှင့် ၎င်း၏ မဟာမိတ်တပ်ဖွဲ့များက ကျူးလွန် ချိုးဖောက်သည့် လူ့အခွင့်အရေး ပြစ်မှုများအတွက် လူထု၏ မျက်မြင်သက်သေအဖြစ် ထွက်ဆိုပေးရန်။ အထူးသဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး စီမံချက်များကို အကြောင်းပြု၍ ဆောင်ရွက်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ပေးရန်၊ အကယ်၍ လူ့အခွင့်အရေး

ချိုးဖောက်မှုများ ဆက်လက်တည်ရှိနေပါက ၎င်းအစီအစဉ်များသို့ ထောက်ခံပံ့ပိုးပေးနေမှုများကို ရပ်ဆိုင်းပေးပါရန်။

**မူးယစ်ဆေးဝါး ပပျောက်စေရေးနှင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးစွဲ လူထုများအတွက် ကူညီမှုများ ပြုနေကြသော ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အလှူရှင် နိုင်ငံများအနေနှင့်–**

- ဤအစီအစဉ်များနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သည့် ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ပါရန်။ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းရာတွင် ၎င်းအစီအစဉ်များ ရေရှည်တည်တံ့နိုင်မှုနှင့် ထိရောက်မှုကို ပြန်လည် စိစစ်ပါရန်။ အထူးသဖြင့် မကြာသေးမီက ကိုးကန့်ဒေသတွင် ဖြစ်ပွားခဲ့သည့် စစ်အစိုးရ၏ စစ်ဆင်ရေးများနှင့် လူ့အခွင့်အရေး ချိုး ဖောက်မှုများ နမူနာယူ၍ မူးယစ်ဆေးဝါးနှိမ်နင်းရေး စီမံချက်ဆောင်ရွက်ရာဒေသများတွင် လည်း အလားတူ ဆောင်ရွက်ကြလိမ့်မည်ကို သိသာ သဘောပေါက်နိုင်ပါသည်။ ထိရောက်မှု မရှိသည့် အစီအစဉ်များအတွက် ရန်ပုံငွေ ပံ့ပိုးပေး နေမှုများကို ပြန်လည် စဉ်းစားသုံးသပ်ပါရန်။

**နိုင်ငံတကာ မိသားစုအနေနှင့်**

- မြန်မာစစ်အစိုးရအနေနှင့် ၎င်းထိန်းချုပ်ထားရာ ဒေသများအတွင်း၌ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် မူးယစ်ဆေးစွဲနေမှုများအပေါ် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ရန် ပျက်ကွက်နေခြင်းအပေါ် မေးခွန်းထုတ် ဖိအားပေးပါရန်။
- တိုင်းရင်းသားဒေသများအတွင်း ပြည်သူ့စစ်များ တိုးချဲ့ဖွဲ့စည်းနေသည့် စစ်အစိုးရ၏ မဟာဗျူဟာအပေါ် မေးခွန်းထုတ်ကြပါရန်နှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးကို မြှင့်တင် ဆောင်ရွက်ပေးရမည့်အစား စစ်ဘုရင်ဝါဒကို တွန်းအား ပေးနေသည့် စစ်အစိုးရ၏ လုပ်ရပ်ကိုလည်း မေးခွန်းထုတ် ဖိအားပေးကြပါရန်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပြဿနာ ပိုမိုကြီးထွားလာစေပါသည်။
- တနိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးနှင့် မြန်မာနိုင်ငံတွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရန် ပထမဦးဆုံး ခြေလှမ်းအနေနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးကြရန်အတွက် မြန်မာစစ်အစိုးရအပေါ် ဖိအားပေးကြပါရန်၊ ဤနည်းသည်သာ မြန်မာနိုင်ငံတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်မည့် တခုတည်းသော နည်းလမ်း ဖြစ်ကြောင်း တိုက်တွန်း အကြံပြုအပ်ပါသည်။

## နိဒါန်း

၂၀၀၆ ခုနှစ်တွင် ပလောင်အမျိုးသမီးအစည်းအရုံးက "အဆိပ်သင့်ပန်းများ" အမည်ရှိ အစီရင်ခံစာ တစောင်ကို ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအစီရင်ခံ စာတွင် မြန်မာနိုင်ငံ ပလောင်လူမျိုးများ နေထိုင်ရာဒေသ၌ မူးယစ်ဆေးစွဲမှု များပြား လာနေခြင်း၏ ဆိုးကျိုးအဖြစ် အမျိုးသမီးများအပေါ် သက်ရောက်ထိခိုက်ရပုံကို ဖော်ပြ ထားပါသည်။ ဤအစီရင်ခံစာ ထုတ်ပြန်ပြီးနောက်ပိုင်းတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပိုမိုတိုးတက်လာနေပြီး၊ မိမိတို့ ဒေသအတွင်း မူးယစ်ဆေးစွဲမှု ပိုမို များပြား လာသည်ကို တွေ့နေရ ပါသည်။ စစ်အစိုးရ အာဏာပိုင်များထံမှသော်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့ အစည်းများမှသော်လည်းကောင်း ထိ ရောက်သည့် တုံ့ပြန် အရေးယူ ဆောင်ရွက်မှုများ မတွေ့ ရှိရပါ။ မူးယစ် ဆေးနှိမ်နင်းမှု အောင်မြင်နေပါသည် ဆိုသော တရားဝင် အစီရင်ခံစာနှင့် မိမိတို့ အတွေ့အကြုံ ကွဲလွဲနေသည်ကို သတိပြုမိပြီး၊ မိမိတို့ ကိုယ်တိုင် ဒေသအတွင်း ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုနှင့် မူးယစ်ဆေးစွဲနေမှု အကြောင်းကို လေ့လာသုတေသနပြု တင်ပြရန် လိုအပ်နေပြီဟု ခံစားလာမိပါသည်။ သို့အတွက်ကြောင့် ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် မူးယစ်ဆေးဝါး အခြေ အနေကို လေ့လာစောင့်ကြည့်ရန် ရပ်ရွာရှိ ပြည်သူအချို့ကို စည်းရုံး တာဝန်ပေးခဲ့ပြီး၊ နမ့်ခမ်း၊ မန်တုန် နှင့် နမ့်ဆန်မြို့နယ်များတွင် လေ့လာ ခဲ့ပါသည်။ ယခု အစီရင်ခံစာသည် မိမိတို့ လေ့လာတွေ့ရှိချက်များကို အသေးစိတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။



မိမိတို့ သုတေသနပြု တွေ့ရှိချက်အရ မိမိတို့ ရပ်ရွာအတွင်း ခင်ပွန်းယောကျ်ားများ၊ သားများနှင့် ဖခင်များ မူးယစ်ဆေးစွဲခြင်းကြောင့် အမျိုး သမီးများ နစ်နာခံစားနေကြရသည့် အခြေအနေ ကို တွေ့ရှိလာပြီး တခုခု ဆောင် ရွက်ပေးရန် ပို၍ စိတ်အားထက်သန်

ဖြစ်လာရပါသည်။ သို့သော်လည်း မိမိတို့ ဒေသအတွင်း စိုက်ပျိုးနေသောမူးယစ်ဆေးများကို ပို၍ အကျယ်အပြန့် ဒေသ များစွာသို့ တင်ပို့နေ သည်ကို သိရှိထားရာ၊ မြန်မာနိုင်ငံ အခြားဒေသ များသာမက တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကမ္ဘာ၏ အခြား ဒေသများသို့တိုင် ပျံ့နှံ့ရောက်ရှိ နေပါသည်။ ဤဒေသများတွင်လည်း အလားတူ နစ်နာခံစားကြရလိမ့်မည် ဖြစ်ပါသည်။ မိမိတို့၏ ဝေးလံခေါင်သီလှသော ဒေသငယ်လေးတခုမှ အခြေအနေကို မီးမောင်းထိုး တင်ပြခြင်းအားဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်စေ ရေးအတွက် ဆောင်ရွက်နေကြသည့် အခြားအုပ်စု၊ အဖွဲ့အစည်းများသည်လည်း ပို၍သိရှိလာစေမည်ဖြစ်ပြီး မူးယစ်ဆေးကြောင့် ဖြစ်နေရသည့် အတိဒုက္ခကို ကူညီ ဖြေရှင်းပေးနိုင်လိမ့်မည် ဖြစ်သည်။ မိမိတို့၏ ဒေသအတွင်းသာမက အခြား နယ်စပ် မျဉ်း ကျော်လွန်သည့် ဒေသများတွင်လည်း ကူညီဖြေရှင်းရာတွင် အထောက်အကူ ပြုနိုင်မည် ယူဆပါသည်။

## ရပ်ရွာအခြေခံသည့် အကဲဖြတ်လေ့လာမှု နည်းလမ်း

ဤအစီရင်ခံစာအတွက် သတင်း အချက်အလက်များကို ၂၀၀၇ ခုနှစ်၊ ဇူလိုင်လမှ ၂၀၀၈ ခုနှစ် စက်တင်ဘာလအတွင်း ဒေသခံ ကွင်းဆင်း သုတေသန ပြုသူများကကောက်ယူ စုဆောင်းပေးခဲ့ ကြပါသည်။ ဘိန်းစိုက်ပျိုးမှု လေ့လာ ဆန်းစစ်ချက်ကို မန်တုန်နှင့် နမ့်ခမ်း မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဘိန်းစိုက်ရာသီ ၃–၄ တိုင်တိုင် လေ့လာဆောင်ရွက်ခဲ့ပါသည်။ ဘိန်းစိုက်ပျိုးနေသည်ဟု သိရှိထားသည့် ကျေးရွာများကို မိမိတို့၏ သုတေသနပြုသူများက သွားရောက်လေ့လာနိုင်သည့် နေရာများကို ရွေးချယ်ခဲ့ပါသည်။ ဘိန်းသိမ်းဆည်းသည့် ရာသီအပြီး၌ မိမိတို့ ကွင်းဆင်းသုတေသနပြုသူများက ၎င်းရွာများသို့ အရောက်သွားပြီး ဤ ရာသီ အတွက် စိုက်ပျိုးသည့် ဘိန်းစိုက်ဧက၊ အာဏာပိုင်များက ဖျက်ဆီးခဲ့သည့် ဘိန်း ဧကကို ရွာလူထုများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ သုတေသနပြုသူများမှာ ဤ ကျေးလက်ဒေသမှ လူများဖြစ်သည့်အတွက်ကြောင့် အချို့သောကိစ္စများမှာ သူတို့ ကိုယ်တိုင် သိထားသည့်ကိစ္စများ ဖြစ်ပါသည်။

သုတေသနပြုသူများက မန်တုန်၊ နမ့်ခမ်းနှင့် နမ့်ဆန်မြို့နယ်များရှိ ကျေးရွာ လူကြီးများနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုသူများနှင့် ရွာများတွင် မူးယစ် ဆေးစွဲမှုများ ဖြစ်ပွားနေသည့် အခြေအနေ၊ လက်ဖက်စိုက်ပျိုးမှုနှင့် ဘိန်းစိုက်ပျိုးမှု အကြား ပြောင်းလဲ ဖြစ်ပေါ်လာသည့် အခြေအနေများကို မေးမြန်းခဲ့ပါသည်။ ထို့ပြင် မကာ ရဲဌာနများက တင်ပြသည့် ဘိန်းပပျောက်မှု ဆောင်ရွက်ချက် ဌာနတွင်း အစီရင် ခံစာကိုလည်း မိမိတို့က အရယူနိုင်ခဲ့ပါသည်။

လုံခြုံရေးအရ လျှို့ဝှက်ထားရန် အခြေအနေကြောင့် ကျေးရွာများ၏ အမည် ကို ဖော်ပြနိုင်ခြင်း မရှိပါ။ မိမိတို့ တွေ့ဆုံမေးမြန်းခဲ့သူများ၏ အမည်မှန်ကိုလည်း ထုတ်ဖော်နိုင်ခြင်း

မရှိပါ။ မြေပုံများတွင် ဖော်ပြထားသော ကျေးရွာများသည် ဘိန်း စိုက်ပျိုးနေသည့် ရွာများ၏ တည်နေရာကို ခန့်မှန်းဖော်ပြထားခြင်း ဖြစ်ပါသည်။





# နောက်ခံအကြောင်းအချက်များ

**မြန်မာနိုင်ငံရှိ မူးယစ်ဆေး ပပျောက်ရေး စစ်ပွဲ။ အောင်မြင်မှုလော၊ ကျရှုံးမှုလော။**

အစိုးရ၏ တရားဝင်ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်း အောင်မြင်နေသည်ဟု ဆိုပါသည်။ ၁၉၈၀ ခုနှစ် ကာလများက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတခု ဖြစ်ခဲ့သည်။ ၁၉၉၀ စုနှစ် အလယ်ပိုင်းနှစ်များ တိုင်အောင် ဘိန်းစိုက်ပျိုးမှုက ဆက်လက်တိုးပွားနေလျက် ရှိသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု ဆိုင်ရာရုံး (UNODC) ၏ ဖော်ပြချက်အရ "မြန်မာ အစိုးရနှင့် ဒေသခံ အာဏာပိုင်များက" ဘိန်းစိုက်ပျိုးမှု လျှော့နည်းကျဆင်းစေရန် ဆောင်ရွက် လာသည့်အခါ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းလာခဲ့သည်ဟု ဖော်ပြထားသည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ကုလသမဂ္ဂ မူးယစ်ရုံး (UNODC) ၏ မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှု စစ်တမ်းအရ ဘိန်းစိုက်ပျိုးဧကသည် ၂၀၀၀ ခုနှစ်တွင် အစီရင်ခံ ခဲ့သည့် ဘိန်းစိုက်ဧကထက် လျှော့နည်း၍ ၂၉ ရာခိုင်နှုန်းမျှသာရှိတော့သည်ဟု ဖော်ပြထားသည်။ သို့သော်လည်း အမှန် တွင်မူ လွန်ခဲ့သည့် ၃-နှစ်အတွင်း ဘိန်းစိုက်ဧက တဖြည်းဖြည်းနှင့် တိုးတက်မှု ရှိနေခဲ့ပါသည်။

မြန်မာစစ်အစိုးရ အနေနှင့် ၂၀၁၅ ခုနှစ်တွင် ရည်မှန်းထားသည့်အတိုင်း ၁၅-နှစ်ကြာ ဘိန်းပပျောက်ရေး အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် နေနိုင်သည့်ဟန် ဖြစ်ပေါ်နေပါသည်။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ မကြာသေးမီက ကျင်းပခဲ့သည့် မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲတွင် မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက နိုင်ငံခြား သံတမာန်များကို ပြောကြားရာ၌ ဤစီမံကိန်းအတိုင်း ဆောင်ရွက်အောင်မြင်နေပုံကို ဝါကြွားပြောခဲ့ပါသည်။ စစ်အစိုးရ အနေနှင့် "တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် မူးယစ်ဆေး ရောင်းဝယ် ဖောက်ကားမှုကို" သံန္နိဋ္ဌာန်ချမှတ် တိုက်ဖျက်နေသည်ဟု ပြော ဆိုခဲ့သည်။

ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) ကလည်း စစ်အစိုးရ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ဆောင်ရွက်နေမှု အောင်မြင်မှုများ ဆက်လက် အရှိန်ရ တည်တံ့နေစေရန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအကူအညီများ ပံ့ပိုး ပေးကြပါရန် တိုက်တွန်းခဲ့သည်။ သို့အတွက်ကြောင့် ကုလသမဂ္ဂ အေဂျင်စီဌာန အများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဲန်ဂျီအိုအဖွဲ့များက ရှမ်းပြည်နယ် အတွင်းရှိ ဘိန်းစိုက်ဒေသများသို့ အကူအညီများ တိုးတက်ပေးခဲ့ကြသည်။

(နအဖ) စစ်အစိုးရနှင့် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) တို့၏ တရားဝင်စာရင်းဇယားများအရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်း သွားခြင်းနှင့်အတူ အမ်ဖီတမင်း စိတ်ကြွဆေးပြား (ATS) ထုတ်လုပ်မှုက အထူး တိုး တက် များပြားလာစေသည်။ ဤဆေးကို မီသာ အမ်ဖီတမင်း သို့မဟုတ် ထိုင်းဘာသာအားဖြင့် 'ယာဘာ' (အရူးဆေး) ဟု ခေါ်ကြသည်။ ဤသို့ စိတ်ကြွဆေးထုတ်လုပ်မှုသည် ၁၉၉၄ ခုနှစ်မှ

စတင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံသည် အာရှတလွှားတွင် အမ်ဖီ တမင်းဆေးပြား အများဆုံး ထုတ်လုပ်နေသည့် နိုင်ငံတခု ဖြစ်ပါသည်။ [၁] ဘိန်းဖြူ (ဟီးရိုးအင်း) နှင့် အိမ်ဖီတမင်း စိတ်ကြွ ဆေးပြားများ အိမ်နီးချင်းနိုင်ငံများကို ဖြတ်ကျော်စီးဝင်နေမှုကြောင့် (နအဖ) စစ်အစိုးရအပေါ် တွင်လည်း ဝေဖန်မှုများ ရှိနေခဲ့ပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံက မူးယစ် ဆေး ကုန်ကူး ရောင်းဝယ်နေသူများအပေါ် သည်းညည်းခံနိုင်မှု အတော်နည်းပါးစွာ တုံ့ပြန်ခဲ့ပါသည်။ [၂]

သို့သော်လည်း မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါး အခြေအနေကို ကာလ ကြာရှည် စောင့်ကြည့်လေ့လာနေကြသူများကမူ စစ်အစိုးရ၏ "မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်း" အပေါ် ဝေဖန် ပြောဆိုနေကြသည်။ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါး ပြဿနာနှင့် ပတ်သက် ၍ ဆယ်စုနှစ်ပေါင်းများ စွာ လေ့လာ သုတေသနပြုနေခဲ့သူ၊ သီးခြားလွတ်လပ်သည့် ရှမ်းသံတော် ဆင့်သတင်းဌာန (SHAN)ကမူ စစ်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်း အောင်မြင်နေပါသည်ဟူသောအချက်အပေါ် စိန်ခေါ်ပြောဆိုခဲ့သည်။ ရှမ်းသံတော်ဆင့် သတင်းဌာနက ပြောဆိုရာတွင် မူးယစ်ဆေး ပြဿနာကို ထိန်းသိမ်းနိုင်ရန်ပင် ဝေးစွ၊ ယခုအခါ ဘိန်းစိုက်ပျိုးမှုက ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံဒေသ အများအပြားသို့ ပျံ့နှံ့ လာနေသည်၊ ယခင်က ဘိန်းစိုက်ပျိုးခြင်း မရှိခဲ့သည့် ဒေသများပင် ဘိန်းစတင် စိုက်ပျိုးနေကြပြီဟု ဆိုသည်။ မြန်မာစစ်အစိုးရအနေနှင့် မူးယစ်ဆေးဝါး ကုန်သွယ်မှုမှ ရသည့် ငွေ အပေါ် မှီခိုအားထားမှု ရှိနေကြောင်း အစီရင်ခံစာ အများအပြား ကိုလည်း ရေးသားတင်ပြခဲ့ကြသည်။ အထူးသဖြင့် ၎င်း၏ စစ်တပ်၊ တိုင်းရင်းသား ပြည်နယ်များတွင် ဒေသခံ ပြည်သူ့စစ်တပ်ဖွဲ့များကို ရန်ပုံငွေ ထောက်ပံ့ပေးနိုင်ရန် အသုံးချနေခြင်းဖြစ်သည်။ ပြည်တွင်းစစ်ကို နိုင်ငံရေးနည်းအားဖြင့် ဖြေရှင်းခြင်း သာလျှင် မြန်မာနိုင်ငံတွင် မူးယစ်ဆေး ပြဿနာ နိုင်ုံချုပ်နိုင်မည်ဟုလည်း ရေးသား ဖော်ပြခဲ့ကြသည်။ [၃]

ကုလသမဂ္ဂ မူးယစ်ရုံး (UNODC) ၏ ၁၉၉၀ ခုနှစ်များမှစ၍ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု အကြီးအကျယ် ကျဆင်းလာခဲ့သည်ဟူ သော ပြောဆိုချက်ကို ကိုးကား၍ ရှမ်းသံတော်ဆင့် သတင်းစာ (SHAN) က မေးခွန်းထုတ်ခဲ့သေးသည်။ ရှမ်းသတင်း ဌာနက မူးယစ်ဆေး ကုန်သွယ်မှု အတွင်း အတွင်းကျကျ ပတ်သက်နေသူတို့၏ ပြောဆိုချက်ကို ကိုးကား၍ (အမေရိကန် ပြည်ထောင်စုက ကောက်ယူ ဖော်ပြ ထားသော) ၁၉၉၀ ခုနှစ်များက ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကိန်းဂဏန်းများသည် အကြီးအကျယ် ဖောင်းပွမှု ရှိနေကြောင်း၊ သို့အတွက်ကြောင့် အကြီးအကျယ် ကျဆင်းသွားသည်ဟူသည်မှာလည်း မဟုတ်မှန်ကြောင်း ချေပပြောဆိုခဲ့သည်။ ရှမ်း သတင်းဌာနက ကုလသမဂ္ဂ မူးယစ်ရုံး (UNODC) ၏ မူးယစ်ဆေး စစ်တမ်းများ မည်မျှတိကျ မှန်ကန်မှုရှိသည်ကိုလည်း မေးခွန်းထုတ်ခဲ့သည်။ ဤစစ်တမ်း အစီရင်ခံ စာများက မြန်မာစစ်အစိုးရနှင့် ရဲတပ်ဖွဲ့တို့၏ ဘိန်းပပျောက်မှု နှိမ်နင်းရေး အစီရင်ခံ စာများနှင့်

ငြိုပ်တုမြေပုံများနှင့် မြေပြင်ပေါ် အခြေအနေကို "တိုက်ဆိုင် စစ်ဆေးခြင်း" အပေါ်တွင်သာ မှီခိုအားထား နေသည်ဟု ဆိုခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ထုတ်ပြန်သည့် "နိမ့်ကျလာနေသော အမှတ်ပေး အဆင့်အတန်း" **(A Failing Grade)** ဟူသော မြန်မာ့ရေးရာ အာဆီယံကွန်ရက်အဖွဲ့ **(Alternative ASEAN Network on Burma)** ၏ အစီရင်ခံစာတွင် မြန်မာစစ်အစိုးရ၏ မူးယစ်ဆေး ပပျောက်ရေး ကြိုးပမ်းချက်အပေါ်တွင် ဘက်စုံထောင်စုံမှ ထောက်ပြ ဝေဖန်ထားခဲ့သည်။ စစ်အစိုးရအနေနှင့် ၎င်း၏မူဝါဒများကို အခြေခံကျကျ မပြောင်းလဲမချင်း မူးယစ်ဆေးပပျောက်ရေး အစီအစဉ် များအပေါ် နိုင်ငံတကာ အထောက်အပံ့များ တိုးတက်ပေးခြင်းသည်လည်း ထိရောက် မှု ရှိမည်မဟုတ်ဟု ဝေဖန် ထောက်ပြခဲ့သည်။ သူတို့၏ အစီရင်ခံစာက နိဂုံးချုပ် ဖော်ပြထား ရာတွင် "မြန်မာ နိုင်ငံရှိ မူးယစ်ဆေးဝါး ပပျောက်ရေး အစီအစဉ်သည် နိုင်ငံရေး၊ စီးပွားရေး ပြုပြင် ပြောင်းလဲမှု အစီအစဉ်များနှင့် ယှဉ်တွဲ ဆောင်ရွက်ရမည်၊ ၎င်းအစီအစဉ်များ မလာဘဲ သူ့ချည်း ကြိုတင်ဆောင်ရွက်ရန် မဖြစ်နိုင်" ဟု ဝေဖန်ထောက်ပြထားခဲ့သည်။[၅]

## မူးယစ်ဆေးဝါး ပြဿနာနှင့် ပတ်သက်သည့် ဖြစ်ထွန်းမှုများ

### စစ်အစိုးရက အပစ်အခတ်ရပ်စဲရေး အင်အားစုများကို မူးယစ်ဆေး လုပ်နေသူများ အဖြစ် စတင် နာမည်ဖျက်လာခြင်း။

၂၀၁၀ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု အနေနှင့် မြန်မာစစ်အစိုးရက တိုင်းရင်းသား အပစ် အခတ် ရပ်စဲရေးအဖွဲ့များကို ၎င်းတို့၏ ထိန်းချုပ် မှုအောက်ရှိ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းရန် စတင်၍ ဖိအား ပေးလာခဲ့ပါသည်။ ဤအပစ်အခတ် ရပ်စဲရေး အဖွဲ့များမှာ အချို့ဆိုလျှင် နှစ်ပေါင်း ၂၀–ကျော်ကာလက စစ်အစိုး ရနှင့် အပစ် အခတ်ရပ်စဲရေး သဘောတူညီထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ဖြစ်ကြပါသည်။ ဤအဖွဲ့များကို သူတို့၏ ဒေသကို တစုံတရာ ထိန်းချုပ်ခွင့်ပေးထားပြီး၊ စီးပွားရေး လုပ်ငန်းများလည်း ခွင့်ပြုထားခဲ့ပါသည်။ သို့သော်လည်း နိုင်ငံရေး အခွင့်အရေးများကိုမူ ခွင့်ပြု ထားပေးခြင်း မရှိခဲ့ပါ။ ဤအဖွဲ့အများစုက စစ်အစိုးရ၏ မြန်မာ့တပ်မတော် ထိန်းချုပ်မှု အောက်သို့ ဝင်ရောက်ရန် တောင်းဆိုချက်ကို ငြင်းဆန်လျက် ရှိကြပါသည်။ သို့ဆိုလျှင် စစ်အစိုး ရ၏ လုံးဝ ထားရာနေ စေရာသွားဘဝ ရောက်ရှိကြရတော့မည်ဖြစ်သည်။ မူလက တောင်းဆိုထားသည့် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် တန်းတူညီမျှရေး နိုင်ငံရေး တောင်း ဆိုချက်များကိုလည်း လုံးဝစွန့်ပယ်ကြရတော့မည် ဖြစ်ပါသည်။

ဤသို့ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ငြင်းဆန်နေသည့် အဖွဲ့တခုမှာ မြန်မာ အမျိုးသားဒီမိုကရက်တစ် မဟာမိတ် တပ်မတော် **(MNDAA)** ဖြစ်ပြီး၊ တရုတ်နိုင်ငံ

နယ်စပ်ကိုးကန့်ဒေသအတွင်း အခြေပြုပါသည်။ ဤအဖွဲ့က မူးယစ်ဆေး ထုတ်လုပ် ရောင်းဝယ်မှုအတွက် နာမည်ကျော်စောနေသော အဖွဲ့လည်း ဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သည့် ကာလများက စစ်အစိုးရက မူးယစ်ဆေးဝါးတွင် ဤအဖွဲ့ပတ်သက်နေမှုကို မျက်စေ့စုံမှိတ်ထား၍ မသိကျိုးကျွံပြုနေခဲ့ကြပြီး ကိုးကန့်ဒေသ ကို "မူးယစ်ဆေး ကင်းစင် သည့်ဒေသ" အဖြစ်ပင် ကြေညာခဲ့သည်။ နိုင်ငံတကာ အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ ဤဒေသ အတွင်း လုံးဝ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး အစီအစဉ်အတွက် ဖွံ့ဖြိုးရေး စီမံကိန်းများ လာရောက် ဆောင်ရွက်စေခဲ့သည်။

သို့သော်လည်း ၂၀၀၉ ခုနှစ်၊ ဩဂုတ်လတွင် အခြေအနေများက လုံးဝ ပြောင်းလဲသွားတော့သည်။ ကိုးကန့်ဒေသကို တိုက်ခိုက်သိမ်းပိုက်ရန်အတွက် စစ်အစိုးရက မူးယစ်ဆေးဝါးထုတ်လုပ်သည့် စက်ရုံတခုကို ဝင်ရောက်စီးနင်း တိုက် ခိုက်ရသည်ဟု အကြောင်းပြခဲ့သည်။ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့ပြီး၊ စစ်အစိုးရတပ်များက အရပ်သား ပြည်သူများအပေါ် တရားလက်လွတ် သတ်ဖြတ် မှုနှင့် မုဒိမ်းပြုကျင့်မှု အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း အကျယ် အပြန့် ဖြစ်ပွားကျူးလွန်ခဲ့ သည်။ တရုတ်နိုင်ငံအတွင်းသို့ ဒုက္ခသည် ၃၇,၀၀၀ ကျော် ထွက်ပြေး ခိုလှုံခဲ့ရစေသည်။ စစ်အစိုးရက ချက်ချင်းဆိုသလိုပင် ကိုးကန့် ဒေသကို သိမ်းယူခဲ့ပြီး၊ ကိုးကန့်ခေါင်းဆောင်များ အသုံးပြုနေကြသည့် မူးယစ်ဆေးဝါး အများ အပြားနှင့် မူးယစ်ဆေးထုတ် စက်ပစ္စည်းများ ဖမ်းဆီးရမိသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ထင်ရှားနေသည်မှာ စစ်အစိုးရနှင့် နိုင်ငံရေးအရ ပြေလည်နေသည့်အခါ မူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်နေသူများကို စစ်အစိုးရက သည်းညည်းခံခွင့်ပြုပေးထား နိုင်ပြီး၊ ကိုးကန့်အဖွဲ့များက အာခံမည့် အရိပ်အယောင်ပြသလာသည်နှင့် တပြိုင်နက် ဤပြဿနာကို ဖော်ထုတ်ကာ ဖိနှိပ်ချေမှုန်းတော့သည်။

ယခုအခါ စစ်အစိုးရက အလားတူ နည်းပရိယာယ်ကို သုံး၍ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေး ငြင်းဆန်နေကြသည့် အခြားအပစ်ရပ် တိုင်းရင်းသားအဖွဲ့များအပေါ်တွင်လည်း ဖိနှိပ်ချေမှုန်းလိမ့်မည်ဟု လူအများက ထင်ကြေးပေးနေကြသည်။ အထူးသဖြင့် မူးယစ်ဆေးနှင့် ပတ်သက်၍ ကာလကြာရှည်စွာကပင် ကျော်စောနေသည့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် **(UWSA)**အပေါ် တိုက်ခိုက်လာနိုင်သည်ဟု တွက်ဆနေကြသည်။

**စစ်အစိုးရက ပြည်သူ့စစ်တပ်ဖွဲ့များ တိုးချဲ့နေမှုကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို မီးစိမ်းပြ ခွင့်ပြုထားခြင်း။**

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ပျက်ပြယ်တော့မည်နှင့်အမျှ ယခင်က ငြိမ်းချမ်းတည်ငြိမ်နေသည့် ဒေသများတွင် လက်နက်ကိုင် တိုက်ခိုက်မှုများ ပြန်လည် ဖြစ်ပွား လာနိုင်သည့် အခြေအနေကြောင့် ၂၀၀၉ ခုနှစ်အတွင်းတွင်၊ စစ် အစိုးရ ၎င်းတို့ လက်အောက်ခံ ပြည်သူ့စစ် လက်နက်ကိုင်တပ်များ တိုးချဲ့ ဖွဲ့စည်းလာခဲ့ပါသည်။ ဤတပ်များဖြင့် ရှမ်းပြည်နယ် အတွင်း ဒေသလုံခြုံရေး ထိန်းချုပ်နိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

စစ်အစိုးရအနေနှင့် ကျေးလက်ဒေသများတွင် ဒေသခံကျေးရွာလူထုများကို စုစည်း သိမ်းသွင်း၍ လက်နက်ကိုင် ပြည်သူ့စစ်တပ်ဖွဲ့များ ဖွဲ့စည်းကာ၊ သူတို့၏ ပုံမှန်စစ်တပ် "တပ် မ တော်" ကို ကူညီစေခဲ့သည့် အစဉ်အလာ ရှိပါသည်။ ဤပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များ ကို အားပြု၍ သူပုန်အဖွဲ့များကို ချေမှုန်းနိုင် ရေးအတွက် အသုံးပြုပြီး၊ အပြန်အလှန်အားဖြင့် ဒေသအတွင်း "စစ်ဘုရင်များ" သဖွယ် အုပ်ချုပ်ခွင့်ကို ခွင့်ပြုပေးထားတတ်သည်။ တရားဝင် သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ ဒေသအတွင်း စီးပွားရေးလုပ်ငန်းများမှ အကျိုးအမြတ် ကို ရယူခံစားစေသည်။ အများအားဖြင့် အမြတ်အစွန်း ကောင်းကောင်းရကြသည်မှာ ဘိန်း လုပ်ငန်းပင် ဖြစ်သည်။ ရှမ်းသံတော်ဆင့် သတင်းဌာနက ၂၀၀၆ ခုနှစ်တွင် ထောက်ပြဝေဖန်ခဲ့ သည့်အတိုင်း၊ ဩဇာတန်ခိုးထွားနေကြသည့် ပြည်သူ့စစ်ခေါင်းဆောင်အများစုမှာ ရှမ်းပြည်နယ် အတွင်း မူးယစ်ဆေး ထုတ်လုပ်ရောင်းဝယ်မှု ၏ "မျက်နှာသစ်များ"ဖြစ်လာနေကြသည်။[၆]

စစ်အစိုးရက အပစ်အခတ်ရပ်စဲရေး တိုင်းရင်းသား လက်နက်ကိုင် တပ်များ ကို "မူးယစ်ဆေး ရောင်းဝယ်နေသည့် တပ်များ"အဖြစ် ပုံဖျက်ဖော်ပြ၍ ချေမှုန်းနှိမ်နင်းရန် ကြိုးပမ်းနေစဉ်တွင်၊ မူးယစ် ဆေးဝါးကိစ္စနှင့် နာမည်ပျက်နေကြသည့် လုံခြုံရေး ပြည်သူ့ စစ်တပ်များ ကို တည်ဆောက်အားပေးနေသည်မှာ အတော့်ကို မလျော် ကန်နိုင်လှသည့် ကိစ္စပင် ဖြစ်တော့သည်။ ၂၀၀၉ ခုနှစ် အဥပမာအားဖြင့်– ဘိန်းကိစ္စ နာမည်ကျော် ဖြစ်သလို လားဟူ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်ဖြစ်သော ကျာစီတို့၏ ပြည်သူ့စစ်အဖွဲ့မှာ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံ နှင့် တာချီလိတ်အကြားတွင် လှုပ်ရှားနေပြီး၊ မကြာသေးမီက နအဖ လက်အောက်အဖြစ်သို့ ပြည်သူ့စစ်တပ်ဖွဲ့ များကို "စစ်တပ် "အဖြစ် ပြောင်းလဲခဲ့ပါသည်။


၂၀၀၉ ခုနှစ်မှ စတင်၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကျေးရွာ လူကြီးများကို အသက် ၁၈ နှစ်မှ ၄၀ အကြား လူငယ်များကို စုဆောင်း သိမ်းသွင်း၍ ပြည်သူ့စစ်တပ်ဖွဲ့ အသစ်များ ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်ထားခဲ့သည်။ သို့မဟုတ် ပါက ရှိနေပြီးသော ပြည်သူ့စစ် တပ်ဖွဲ့များနှင့် ပူးပေါင်းရန် ညွှန်ကြားခဲ့သည်။ မြို့နယ် အသီးသီးမှ လူငယ်ရာပေါင်းများစွာကို အခြေခံ စစ်သင်တန်းများ တက်စေပြီး၊ စစ်တပ်၏ လက်နက်ပေါင်းများ တပ်ဆင်ပေးခဲ့သည်။

**စစ်အစိုးရက ပလောင်ဒေသတွင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုကို ပုံမှန်အတိုင်း ခွင့်ပြုထားခြင်း။**

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နမ့်ခမ်း၊ မန်တုန်နှင့် နမ့်ဆန်မြို့နယ်များတွင် ပလောင်လူမျိုးများ အများဆုံးနေထိုင်ကြသည်။ ဤမြို့နယ်များသည် စစ်အစိုးရ၏ လုံးဝ ထိန်းချုပ်မှုအောက် ရှိနေသော မြို့နယ်များ ဖြစ်ကြပြီး၊ အဓိကမြို့များတွင် အစိုးရ တပ်ရင်း စခန်းများ အခြေစိုက်ထားကြသည်။ ကျေးလက်ဒေသများတွင်မူ ပြည်သူ့စစ်တပ်ဖွဲ့များက ထိန်းချုပ်ထားကြသည်။

နမ့်ခမ်းမြို့နယ်တွင် အင်အားကောင်းသည့် ပြည်သူ့စစ် တပ်ဖွဲ့ ၈–၉ ရှိနေသည်။ ဤအဖွဲ့များတွင် နမ့်ခမ်းမြို့ တောင်ဘက်ရှိ တောင်တန်းများပေါ်တွင် အခြေစိုက်သည့် တရုတ်ပန်းဆေး ပြည်သူ့စစ်အဖွဲ့ အပါအဝင် ဖြစ်ပြီး၊ ဤအဖွဲ့မှာ ဘိန်းထုတ်လုပ် ရောင်းဝယ်မှုအတွက် နာမည်ကြီးလှသည်။ မန်တုန်နှင့် နမ့်ဆန်မြို့နယ်များတွင်လည်း မြို့နယ်တခုစီတွင် သြဇာညောင်း ထိန်း ချုပ်နိုင်သော ပြည်သူ့စစ် တဖွဲ့စီ ရှိနေကြသည်။

# ဒေသရှိ (နအဖ) စစ်တပ်များနှင့် ပြည်သူ့စစ် အခြေစိုက်စခန်းများ





နမ့်ခမ်းမြို့နယ်တွင်ဗမာစစ်တပ်များ စစ်ရေးလေ့ကျင့်ပုံ

ယခင်က မန်တုန်နှင့် နမ့်ဆန်မြို့နယ်များသည် ပလောင်တိုင်းရင်းသား အပစ်အခတ် ရပ်စဲရေးအဖွဲ့တခုဖြစ်သည့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် **(PSLA)** ၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့ပြီး၊ ထိုစဉ်က ဘိန်းထုတ်လုပ်မှု ကန့်သတ်ပိတ်ပင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း ပလောင် ပြည်နယ် လွတ်မြောက်ရေး တပ်မတော် **(PSLA)** အဖွဲ့ကို ၂၀၀၅ ခုနှစ်တွင် လုံးဝ လက်နက်ဖြုတ်သိမ်း ပြီးသည့်နောက်ပိုင်း၊ မန်တုန်ဒေသအတွင်း ဘိန်းစိုက်ပျိုးမှုနှင့် ဆေးစွဲမှု သိသိသာသာ တိုးတက်လာခဲ့ သည်။ ဒေသထွက် လက်ဖက်ဈေးကလည်း ကျဆင်းလာနေရာ ပလောင် တောင်သူအများအပြားက ရိုးရာ လက်ဖက်စိုက်ခင်း များမှနေ၍ ဘိန်းစိုက်ပျိုးမှုဖက် လှည့်လာခဲ့ကြသည်။ နမ့်ဆန်တွင် ဘိန်းစိုက်ပျိုးမှုများ မရှိဘဲ လက်ဖက်ကိုသာ ဆက်လက် စိုက်ပျိုးနေကြသော်လည်း ဒေသတွင်း ဘိန်းအလွယ် ရရှိမှုကြောင့် ဘိန်းသုံးစွဲသူများ အရေအတွက် တိုးပွားလာခဲ့ရသည်။

၂၀၀၆ ခုနှစ်တွင် ပလောင်အမျိုးသမီးအစည်းအရုံးက ဖြန့်ချိခဲ့သည့် "အဆိပ်သင့်ပန်းများ" အမည်ရှိ အစီရင်ခံစာတွင် မြန်မာ့ တပ်မတော်နှင့် ဒေသခံ


ပြည်သူ့စစ်တပ်ဖွဲ့များက မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်နေပုံကို ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ဤအစီရင်ခံစာ ထုတ်ဝေခဲ့ချိန်မှစ၍ ယခုတိုင် ပလောင်ဒေသအတွင်းရှိ မူးယစ်ဆေးဝါးကိစ္စ အဓိက ဆောင်ရွက် နေကြသူများအပေါ် မည်သို့မျှ လေးနက်စွာ အရေးယူ ဆောင်ရွက်မှု မရှိခဲ့ပါ။ ပန်းဆေး ပြည်သူ့စစ်အဖွဲ့ ခေါင်းဆောင် ကျော်မြင့်၏ အိမ်ကို ၂၀၀၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဝင်ရောက် စီးနင်း ရှာဖွေမှု ဖြစ်ခဲ့ပြီး၊ မီသာ အမ်ဖီတမင်း စိတ်ကြွဆေး ပြား ၂၀ အိပ်၊ ဘိန်းဖြူ ၂၀ ကီလိုဂရမ်နှင့် အခြား မူးယစ်ဆေးများ ဖမ်းဆီးရရှိခဲ့ပါသည်။ ၎င်းနှင့် မိသားစုဝင် ၄ ဦးကိုလည်း ဖမ်းဆီးခဲ့ပါသည်။ သို့သော်လည်း လာဘ်ငွေ ကျပ် ၂-သန်း (အမေရိကန်ဒေါ်လာ ၂,၀၀၀ ခန့်) ပေးပြီးနောက်တွင် ထိုသူများ ပြန်လည် လွတ်မြောက်လာကြပါသည်။ နောက်လ အနည်းငယ်အကြာ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရဲများက ကျော်မြင့်၏ ညီငယ်ဖြစ်သူ ကျော်ထွေးနှင့်၎င်း၏ လက်ထောက်ကျော်သန်းကို ပန်းဆေးကျေးရွာသို့ မူးယစ်ဆေးဝါး သယ်ပို့နေစဉ် ဖမ်းဆီး ရမိခဲ့ပါသည်။ သို့သော်လည်း ကျပ်ငွေ တစ်သန်းခွဲ (အမေရိကန်ဒေါ်လာ ၁,၅၀၀ ခန့်) လာဘ်ပေးပြီးနောက်တွင် ချက်ချင်း ပြန်လည် လွတ်မြောက်လာကြပါသည်။

၂၀၀၉ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ ပလောင်ဒေသအတွင်း နောက်ထပ် ပြည်သူ့စစ်တပ်ဖွဲ့ အသစ်များ ထပ်မံဖွဲ့စည်းရန် စစ်အစိုးရက အမိန့်ပေး ညွှန်ကြားထားပြီး အထူးသဖြင့် နမ့်ခမ်းဒေသတွင် ဖွဲ့စည်းစေရန် ဖြစ်သည်။ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ တွင် နမ့်ခမ်းမြို့၌ ကျေးရွာလူကြီးများနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများကို အစည်းအဝေး ဆင့်ခေါ်ခဲ့ပြီး၊ နေပြည်တော်ရှိ စစ်ရုံးချုပ်မှ ဗိုလ်ချုပ် သန်းမောင်က ဤမြို့နယ်အတွင်း ပြည်သူ့စစ်တပ်ဖွဲ့ အသစ်များ ဖွဲ့စည်းစေရန် ညွှန်ကြားထားကြောင်း ပြောပြပါသည်။

ကျေးရွာအုပ်စု တခုတိုင်းတွင် ရွာလူကြီးများနှင့် ကျေးရွာဥက္ကဋ္ဌများက လူ ၁၀၀ စုဆောင်းပေး ရမည် ဖြစ်ပြီး၊ အိမ်ထောင်မရှိသူ အသက် ၃၀ အောက် လူငယ်များကို ပြည်သူ့စစ်တပ်ဖွဲ့ အဖြစ် ဖွဲ့စည်းစေရမည်ဟုဆိုသည်။ ဆာလူ၊ မန်အောင်နှင့် ဖါလင်ကျေးရွာ (၃) ခုမှ လူငယ် ၁၀၀ ကို ရွေးချယ်ပြီး ပထမဦးဆုံး စစ်သင်တန်းကို ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာလ ၂ ရက်နေ့အထိ တက်ရောက်စေခဲ့သည်။ ခြေမြန်တပ်ရင်း အမှတ်(၁၂၃)က စစ်သင် တန်း ပို့ချပေးခဲ့သည်။ နောက်ထပ်သင်တန်းကို ၎င်းကျေးရွာများမှ သင်တန်းသား ၁၀၀ ဖြင့် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှ ၁၃ ရက် နေ့အထိ တက် ရောက်စေခဲ့ပြီး၊ ခြေမြန်တပ်ရင်း အမှတ် (၁၂၃)ကပင် သင်တန်းပို့ချ ပေးခဲ့ ပြန်သည်။ ဤသင်တန်းမှာ "မီးသတ်သင်တန်း" ဟု အကြောင်းပြသော်လည်း၊ စစ်သင်တန်း ပို့ချပေးခဲ့ခြင်းသာ ဖြစ်သည်။ ပြည်သူ့စစ် တပ်ဖွဲ့ဝင်အဖြစ် စုဆောင်း သိမ်းသွင်းခံရသူ များကို များမကြာမီပင် ရိုင်ဖယ်သေနတ်များ တပ်ဆင်ပေးခဲ့ပြီး၊ ဒေသအတွင်း လုံခြုံရေး တာဝန်ယူစေခဲ့သည်။

လက်ရှိ ပြည်သူ့စစ်တပ်ဖွဲ့များကို ဘိန်းလုပ်ခွင့် လွတ်လပ်စွာ ခွင့်ပြုထားချိန်၌ ပြည်သူ့စစ်တပ်ဖွဲ့ အသစ်များ ထပ်မံဖွဲ့စည်းလာပြန်ရာ ဒေသခံ ပလောင်ပြည်သူ များအတွင်း တရားဥပဒေ စိုးမိုးရေး ကင်းမဲ့မှုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာလိမ့်မည်ဟု စိုးရိမ်မကင်း ဖြစ်နေကြရတော့သည်။

# တွေ့ရှိချက်များ




## မန်တုန်နှင့် နမ့်ခမ်းဒေသများတွင် ဘိန်းစိုက်ပျိုးမှု တိုးများလာခြင်း။

ကွင်းဆင်း လေ့လာမှုများကို အဓိကကျသည့် ဒေသနှစ်ခုဖြစ်သည့် မန်တုန် နှင့် နမ့်ခမ်းမြို့နယ်များတွင် ဘိန်းစိုက်ရာသီ ၃–ခု ဆက်တိုက် လေ့လာ ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ် အသီးသီးတွင် အချို့သော ကျေးရွာများကို ပစ်မှတ်ထား လေ့လာခဲ့ပြီး၊ ကျေးရွာ လူကြီးများကို ဘိန်းစိုက်ရာသီ ပြီးသည့်နောက်တွင် တွေ့ဆုံမေးမြန်းခြင်း ပြုခဲ့ပါသည်။ ထိုသူတို့၏ ကျေးရွာဒေသ အတွင်း စုစုပေါင်း ဘိန်းစိုက်ပျိုးသည့် ခန့်မှန်းဧကကို မေးမြန်းခဲ့ပါသည်။ စစ်အစိုးရ အာဏာပိုင်များက ဘိန်းခင်းများကို လာရောက် ဖျက်ဆီးမှု အနေအထား၊ ဖျက်ဆီးခံရသည့် ဧကများကို မေးမြန်းခဲ့ပါသည်။

ဤမြို့နယ် ၂–ခုတွင် နှစ်စဉ်နှင့်အမျှ ဘိန်းစိုက်ပျိုးမှု တိုးတက်လာနေသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း မန်တုန်မြို့နယ် တွင် တိုးတက်လာ မှုမှာ ပို၍ သိသာ ထင်ရှားပါသည်။ မြန်မာစစ်အစိုးရက ဤမြို့နယ် ၂–ခုလုံးကို ၂၀၀၄ ခုနှစ်တွင် ၁၅–နှစ်တာ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းအရ ဘိန်းစိုက်ပျိုး မှု ကင်းစင်ရာဒေသများအဖြစ် ပစ်မှတ်ထား ရည်ရွယ် ဆောင်ရွက်ခဲ့သော်လည်း၊ ယခုလို တိုးပွားများပြားလာမှုမှာ အမြင်မတော် မလျော်ကန်နိုင် လှပါတော့သည်။

## မန်တုန်
## ဘိန်းစိုက်ပျိုးရာ ကျေးရွာများ အရေအတွက် ၃–ဆမျှ တိုးတက်လာခြင်း။


အဓိက စစ်တမ်းကောက်ယူ လေ့လာခဲ့သည့် မန်တုန်မြို့နယ်အတွင်းတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးသည့် ကျေးရွာ အရေအတွက် ၃–ဆမျှ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ပလောင် အမျိုးသမီးအစည်းအရုံး၏ လေ့လာမှုအရ မန်တုန်မြို့နယ်ရှိ ကျေးရွာပေါင်း ၇၅ ခုတွင် ဘိန်းစိုက်ပျိုးနေသည်ကို တွေ့ရှိရပါသည်။ ၂၀၀၆–၂၀၀၇ ခုနှစ် ဘိန်းစိုက်ရာသီတွင် ကျေးရွာ ၂၄–ခုသာ ဘိန်းစိုက်ပျိုးသည်ကို တွေ့ရှိခဲ့ကြရပါသည်။ နောက်တနှစ် စိုက်ရာသီတွင် ကျေးရွာ ၃၅ ခု တိုးတက်၍ ဘိန်းစိုက်ပျိုးလာနေပြီး၊ ၂၀၀၈–၂၀၀၉ ခုနှစ် ဘိန်းစိုက်ရာသီတွင် ကျေးရွာအားလုံး နီးပါးမျှ ဘိန်းစိုက်နေသည်ကို တွေ့ရှိခဲ့ကြရပါသည်။



## ဘိန်းစိုက်ပျိုးနှုန်း ၆–ဆ များပြားလာခြင်း။

ဘိန်းစိုက်ပျိုးသည့် ဧရိယာ (ဖျက်ဆီးခံရသည့် ဘိန်းခင်းများ မပါဝင်ဘဲ) သည် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ၆–ဆမျှ တိုးတက်များပြားလာသည်ကို တွေ့ရပါသည်။ ယခင်က ၁,၅၆၈ ဧက (၆၃၅ ဟက်တာ) မှ ယခုအခါ ၉,၇၀၇ ဧက (၃,၉၂၈ ဟက် တာ) သို့ တိုးတက်လာခဲ့သည်။ ဤအချိန် အတွင်း၌ပင် အာဏာပိုင်များက လာရောက်ဖျက်ဆီးသည့် ဘိန်းခင်း ပမာဏမှာလည်း နှစ်စဉ်နှင့်အမျှ ကျဆင်းလာနေခဲ့သည်။ (၂၀၀၆–၂၀၀၇) ဘိန်းစိုက်ရာသီတွင် စုစုပေါင်း စိုက်ဧက၏ ၂၈ ရာခိုင်နှုန်း ဖျက်ဆီးခံခဲ့ရရာမှ (၂၀၀၈–၂၀၀၉) ခုနှစ် ဘိန်းစိုက်ရာသီတွင် စုစုပေါင်း စိုက်ဧက၏ ၁၂ ရာခိုင်နှုန်းသာ အာဏာပိုင်များက လာရောက် ဖျက်ဆီးခဲ့ကြသည်။

မန်တုန်ဒေသရှိ စစ်တမ်းကောက်ယူခဲ့ရာ
ဘိန်းစိုက်ဒေသများ (ဟက်တာဖြင့်)




**မန်တုန်ဒေသရှိ စစ်တမ်းကောက်ယူခဲ့ရာ ဘိန်းစိုက် ဒေသများ (ဟက်တာဖြင့်)**


| | ၂၀၀၆–၂၀၀၇ | ၂၀၀၇–၂၀၀၈ | ၂၀၀၈–၂၀၀၉ |
|---|---|---|---|
| ဘိန်းစိုက်ဧရိယာ (ဘိန်းနှိမ်နင်းရေးဖြင့် ဖျက်ဆီးမှုအပြီး) | ၆၃၅ | ၉၆၂ | ၃၉၂၈ |
| ဖျက်ဆီးခံရသော ဘိန်းခင်းများဧက | ၂၄၈ | ၂၈၈ | ၅၅၇ |
| ဖျက်ဆီးခံရသည့် ဘိန်းခင်းများ၏ ရာခိုင်နှုန်း | ၂၈% | ၂၉% | ၁၂ % |

## နမ့်ခမ်း

### ဘိန်းစိုက်ဧရိယာ ၂–ဆမျှ တိုးတက်လာခြင်း

နမ့်ခမ်းမြို့နယ်အတွင်း စစ်တမ်းကောက်ယူ လေ့လာခဲ့သည့် ကျေးရွာ ၁၆–ခုတွင် လွန်ခဲ့သည့် ၃–နှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ စုစု ပေါင်း ဘိန်းစိုက်ဧကမှာ ယခင် ၈၁၂ ဧက (၃၂၈ ဟက်တာ)မှ ယခုအခါ ၁,၅၃၅ ဧက (၆၁၇ ဟက်တာ)သို့ လွန်ခဲ့သည့် ၃–နှစ်အတွင်း တိုးတက်များပြားလာသည်ကို တွေ့ရှိရသည်။ အာဏာပိုင်များက ဖျက်ဆီးခဲ့သည့် ဘိန်းခင်းဟူ၍ အနည်းငယ်မျှသာ ရှိပါသည်။ ၂၀၀၆–၂၀၀၇ ဘိန်းစိုက်ရာသီတွင် ၁ ဧကမျှနှင့် ၂၀၀၇–၂၀၀၈ ဘိန်းစိုက်ရာသီတွင် လုံးဝလာရောက် ဖျက်ဆီးခဲ့ခြင်း မရှိပါ။ ၂၀၀၈–၂၀၀၉ ဘိန်းစိုက်ရာသီတွင် ၁၀ ဧကမျှသာ အာဏာပိုင်များက လာရောက် ဖျက်ဆီးခဲ့ပါသည်။


နမ့်ခမ်းဒေသရှိ စစ်တမ်းကောက်ယူခဲ့ရာ ဘိန်းစိုက်ဒေသများ (ဟက်တာဖြင့်)





## နမ့်ခမ်းဒေသရှိ စစ်တမ်းကောက်ယူခဲ့ရာ ဘိန်းစိုက်ဒေသများ (ဟက်တာဖြင့်)

| | ၂၀၀၆-၂၀၀၇ | ၂၀၀၇-၂၀၀၈ | ၂၀၀၈-၂၀၀၉ |
|---|---|---|---|
| ဘိန်းစိုက်ဧရိယာ (ဘိန်းနှိမ်နင်းရေးဖြင့် ဖျက်ဆီးမှုအပြီး) | ၃၂၈ | ၄၉၆ | ၆၁၇ |
| ဖျက်ဆီးခံရသော ဘိန်းခင်းများဧက | ၀.၄ | ၀ | ၄.၀ |


## မန်တုန်နှင့် နမ့်ခမ်းဒေသများတွင် ဘိန်းစိုက်ပျိုးမှု တိုးများလာခြင်း။ ၂၀၀၆-၂၀၀၇



၂၀၀၇- ၂၀၀၈




၂၀၀၈- ၂၀၀၉



## အာဏာပိုင်များက ဘိန်းတောင်သူများထံမှ ငွေညှစ်တောင်းခံနေခြင်း

ဘိန်းစိုက်တောင်သူများထံမှ ပုံမှန် ကြားရလေ့ရှိသည်မှာ ဒေသခံ အာဏာပိုင်များက ဘိန်းစိုက်ရာသီ အစပိုင်း (နိုဝင်ဘာလမှ ဇန်နဝါရီလများကြားကာလ) တွင် ပုံမှန်လာရောက်၍ ငွေညှစ်တောင်းခံကြခြင်းပင် ဖြစ်သည်။ ဘိန်းစိုက်ပျိုးမှုအတွက် "အခွန်ငွေ" သို့မဟုတ် "လာဘ်ငွေ" ကို မြို့နယ်အသီးသီးရှိ "မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့"များက လာရောက်တောင်းခံလေ့ရှိ သည်ဟု ပြောပြကြသည်။

၎င်းမူးယစ်နှိမ်နင်းရေး တပ်ဖွဲ့များတွင် ပုံမှန်အားဖြင့် ဒေသခံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်တပ်နှင့် ပြည်သူ့စစ် အဖွဲ့ဝင်များနှင့် ဒေသခံ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းထားကြသည်။ ၎င်းအဖွဲ့များကို ကျေးရွာများသို့ ကွင်းဆင်း ခရီး ထွက်စေပြီး၊ တွေ့ရှိသော ဘိန်းခင်းများကို ဖျက်ဆီးစေသည်။ သူတို့တွေ့ရှိရသည့် ဘိန်းစိုက်ဧက၊ ဖျက်ဆီးခဲ့သော ဘိန်းခင်းဧကများကို ကြိုးမဲ့ကြေးနန်း စက်ဖြင့် ရဲတပ်ဖွဲ့ ဌာနချုပ်သို့ ပြန်၍ သတင်းပို့ တင်ပြကြရသည်။ သို့သော်လည်း လက်တွေ့တွင်မူ ၎င်းတပ်ဖွဲ့များက ရွာများသို့ ခရီးထွက်ကြပြီး ကျေးရွာလူကြီးများနှင့် ငွေမည်မျှ ပေးရမည်၊ သို့မဟုတ် ဘိန်းခင်းများကို မဖျက်ဆီးဘဲ ချန်ထားသည့်အတွက် "အခွန်" မည်မျှပေးဆောင်မည် ညှိနှိုင်းငွေယူကြခြင်းသာ ဖြစ်သည်။ ၎င်းမူးယစ် နှိမ်နင်းရေးတပ်ဖွဲ့များက လူမြင်ကွင်းကျနေ သည့် ဘိန်းခင်း အနည်းငယ်မျှ ကိုသာ ဖျက်ဆီးလေ့ရှိသည်။

စာမျက်နှာ (၄၇) တွင် ဖော်ပြထားသည့် ဇယားတွင် ကျေးရွာ လူထုများက မန်တုန်မြို့နယ်ရှိ ဒေသခံ အာဏာပိုင်များထံ (၂၀၀၇–၂၀၀၈) ခုနှစ် အတွင်း ပေးကြရသည့် ငွေပမာဏကို ဖော်ပြထားပါသည်။ အာဏာပိုင်များထံ ဘိန်းခင်းစိုက်ပျိုးမှု အတွက် ပေးခဲ့ရငွေ စုစုပေါင်း ကျပ် ၃၇,၀၃၀,၀၀၀ (အမေရိကန် ဒေါ်လာအားဖြင့် ၃၇, ၀၀၀) မျှ ရှိကြောင်း သိရပါသည်။ ကျေးရွာအလိုက် အာဏာပိုင်များထံ ပေးဆောင်ကြရသည့်ငွေမှာ ၅၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၅၀) မှသည် ၄,၈၀၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၄,၈၀၀ မျှ) အထိ ကွဲပြားသည်ကို တွေ့ရသည်။ အချို့ဖြစ်ရပ်များတွင် လာဘ်ငွေပေး ခြင်းအားဖြင့် ဘိန်းခင်းများ မဖျက်ဆီးရဘဲ ရှိစေသော်လည်း၊ အချို့နေရာများတွင်မူ လာဘ်ငွေ ပေးဆောင်သော်လည်း ဘိန်းခင်း ၄၀ ရာခိုင်နှုန်းမျှအထိ ဖျက်ဆီးခံ ခဲ့ကြရ ကြောင်းလည်း တွေ့ရှိရသည်။

ကျေးရွာလူထုများက ပြောပြရာတွင် မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့များကို ငွေကြေးပေးကြရရုံမျှမက၊ ဘိန်းစိုက်ရာသီအတွင်း၌ အခြား အချိန်များတွင်

လာဘ်ငွေ လာရောက်တောင်းယူကြသည့် အာဏာပိုင်များထံသို့လည်း ငွေပေးကြရပါသည်။ ဥပမာ အားဖြင့်- ၂၀၀၈ ခုနှစ်တွင် မန်တုန်အခြေစိုက် ခြေလျင်တပ်ရင်း အမှတ် (၁၃၀) နှင့် မိုင်းဗီ အခြေစိုက် ခြေမြန်တပ်ရင်း အမှတ် (၄၅) မှ စစ်သားများ၊ ရဲအရာရှိများ၊ မိုင်းဗီကျေးရွာ ပြည်သူ့စစ်များက မန်တုန်မြို့နယ်အတွင်းရှိ ကျေးရွာများထံ နောက်ထပ် တကြိမ်လာရောက်၍ ဘိန်းစိုက်ကြေး လာရောက် တောင်းခံခဲ့ကြသည်ဟု ဆိုပါသည်။

ကျေးရွာလူထုများက အခွန်ငွေပေးကြရရုံမျှမက၊ ကြက်၊ ဝက်စသည်ဖြင့် ၎င်းမူးယစ်နှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ကျေးရွာသို့ ရောက်လာသည့်အခါ စားသောက်ဖွယ်ရာများကို လည်း ထောက်ပံ့ပေးကြရပါသည်။ ဤအဖွဲ့များ ခရီးသွား လာရေး အတွက်လည်း ယာဉ်များ၊ မြင်းများ ထောက်ပံ့ပေးကြရသည်လည်း ရှိပါသည်။



ကျနော်တို့ ဘိန်းစိုက်တဲ့အခါ အခွန် အများကြီး ပေးကြရတယ်၊
(နအဖ) စစ်သားတွေနဲ့ ပြည်သူ့စစ်တွေက အခွန်လာတောင်းကြတဲ့အချိန်က
တဖွဲ့နဲ့တဖွဲ့ မတူကြဘူး။ တခါတလေ စစ်တပ်က လာတယ်၊
တခါတလေ ရဲက လာတယ်၊ နောက်တော့ ပြည်သူ့စစ်အဖွဲ့တွေက
အခွန် လာတောင်းကြပြန်တယ်၊
အဖွဲ့အပေါ် မူတည်ပြီး ငွေ ပမာဏ အမျိုးမျိုး ပေးကြရတယ်၊
လာတဲ့အဖွဲ့နဲ့ ကျနော်တို့ မရင်းနှီးတဲ့အခါဆိုရင်
သူတို့က ငွေပိုတောင်းမှာလည်း စိုးရိမ်နေရသေးတယ်၊
ဒါပေမယ့် တခါတလေကျတော့လည်း ကျနော်တို့က အဖွဲ့တခုကို
အခွန်ပေးပြီးတာတောင် ကျနော်တို့ ဘိန်းခင်းတွေကို
ဖျက်ဆီးတာလည်း ရှိသေးတယ်၊ ငွေလည်းကုန် အချိန်လည်းကုန် ဖြစ်ကြရတယ်၊ -
(မန်တုန်နယ်မှ ဘိန်းတောင်သူတဦး)


**အာဏာပိုင်များက ဘိန်းခင်း အများစုကို မဖျက်ဆီးဘဲ မတို့မထိ ထားခဲ့ခြင်း**


ပလောင် အမျိုးသမီး အစည်းအရုံး၏ အကဲဖြတ် လေ့လာချက်အရ ဒေသခံ အာဏာပိုင်များက ဖျက်ဆီးခဲ့ကြသည့် ဘိန်းခင်း ရာခိုင်နှုန်းသည် တရားဝင် ရဲအစီရင်ခံစာများရှိ အချက်အလက်များနှင့် များစွာ ကွဲလွဲနေကြောင်း တွေ့ရှိရပါသည်။ ပလောင် အမျိုးသမီး အစည်းအရုံးက တွေ့ရှိချက်အရ မန်တုန်နှင့် နမ့်ခမ်းဒေသပေါင်းအတွက် (၂၀၀၆–၂၀၀၇) ခုနှစ် ဘိန်းစိုက်ရာသီ အတွင်း စုစုပေါင်းစိုက်ဧက၏ ၂၀ ရာခိုင်နှုန်းကိုသာ ဖျက်ဆီးခဲ့ကြပြီး၊ (၂၀၀၇–၂၀၀၈) စိုက်ရာသီအတွက် စုစုပေါင်းစိုက်ဧက၏ ၁၆ ရာခိုင်နှုန်းကိုသာ ဖျက်ဆီးခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း (ကုလသမဂ္ဂ ဘိန်းစိုက်ပျိုးမှု စစ်တမ်းက ကိုးကားဖော်ပြ ထားသော) ရဲအစီရင်ခံစာများတွင် ရှမ်းပြည်နယ် မြောက်ပိုင်းသေရှိ ဘိန်းခင်းအများစုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း (၂၀၀၆– ၂၀၀၇ စိုက်ရာသီတွင် ၇၀ ရာခိုင်နှုန်း၊ ၂၀၀၇–၂၀၀၈ စိုက်ရာသီတွင် ၅၄ ရာခိုင်နှုန်း) အထက်သို့ တင်ပြထားသည်ကို တွေ့ရှိရ ပါသည်။ ၂၀၀၈–၂၀၀၉ စိုက်ရာသီတွင် ရဲအစီရင်ခံစာများက ဘိန်းခင်းများ၏ ၂၅ ရာခိုင်နှုန်းကို ဖျက်ဆီးနိုင်ကြောင်း တင်ပြထား ပါသည်။ ဤကိန်းဂဏန်းသည်ပင် ပလောင် အမျိုးသမီးအစည်းအရုံးက လေ့လာတွေ့ရှိထားသည်ထက် (၁၁ ရာခိုင်နှုန်း) ၂–ဆ ကျော် ပိုများနေပါသေးသည်။


ပလောင် အမျိုးသမီး အစည်းအရုံး **(PWO)** က ရှမ်းပြည်နယ် မြောက်ပိုင်း မူးယစ်ဆေးဝါး နှိမ်နင်းရေး အထူးရဲတပ်ဖွဲ့မှ နေပြည် တော်ရှိ ရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြသည့် (၂၀၀၆–၂၀၀၇ စိုက်ရာသီ) အတွက် ရုံးတွင်း လျှို့ဝှက် အစီရင်ခံစာကို ရရှိခဲ့ပါသည်။ ဤ အစီရင်ခံစာတွင် တွေ့ရှိရသည့် ဘိန်းခင်းဧက၊ ဖျက်ဆီးခဲ့သော ဘိန်းခင်းများကို အသေးစိတ် စာရင်းရေးသား ဖော်ပြထားပါ သည်။ မည်သည့်နေရာတွင် မဆို တွေ့ရှိရသော ဘိန်းခင်းများနှင့် ဖျက်ဆီးခဲ့သော ဘိန်းခင်းများမှာ အတူတူနီးပါးမျှ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ တနည်း ဆိုရသော် ရဲများက သူတို့တွေ့ရှိခဲ့သမျှ ဘိန်းခင်းအားလုံးကို ဖျက်ဆီးနိုင်ခဲ့သည်ဟု ဆိုလိုတင်ပြထားပုံရပါသည်။ စာမျက်နှာ(၂၇) ပြပုံကို ကြည့်ပါ။


ပလောင် အမျိုးသမီးအစည်းအရုံး **(PWO)** က တွေ့ရှိချက်တွင် အနည်းဆုံး ကျေးရွာတခုသည် (နအဖ) စစ်အစိုးရ၏ ဘိန်းခင်း များ ဖျက်ဆီးခဲ့သည့် ကျေးရွာနှင့် တူညီနေသည်ကို တွေ့ရသည်။ သို့သော်လည်း ဘိန်းစိုက်ဧက အများအပြားကိုမူ ဖော်ပြခြင်းမရှိဘဲ ထိန်ချန်ထားခဲ့ပါသည်။ (အောက်တွင် ဖော်ပြထားသည့် နှိုင်းယှဉ်ချက် ဇယားကို ကြည့်ပါ။) ဘိန်း နှိမ်နင်းရေးစီမံကိန်းများ ကာလတွင် လာဘ်ပေးလာဘ်ယူမှုများရှိခဲ့သည့် သက်သေအထောက်အထားများကို ကြည့်ခြင်းအားဖြင့် ပလောင်အမျိုးသမီးအစည်းအရုံး **(PWO)**က လေ့လာတွေ့ ရှိရသည်မှာ အာဏာပိုင်များက ဖြစ်ရုံ မဆိုစလောက်သာ ဘိန်းခင်းများကို ဖျက်ဆီးခဲ့ကြောင်း တွေ့ရှိရပါသည်။ များသောအားဖြင့် လူမြင်ကွင်းကျရာ လမ်းဘေးရှိ ဘိန်းခင်းများကိုသာ ဖျက်ဆီးခဲ့ကြပြီး၊ ကျန် ဘိန်းခင်းများ ဖျက်ဆီးမခံရစေရေးအတွက် ငွေတောင်းယူခဲ့ကြခြင်းသာ ဖြစ်ပါသည်။


## (PWO)၏ လေ့လာအကဲဖြတ်မှုများနှင့် နအဖ ရဲအစီရင်ခံစာများ




ပုံစံ(၁) ရဲအစီရင်ခံစာမှ ထုတ်နှုတ်တင်ပြချက်
(အသေးစိတ် အစီရင်ခံစာကို နောက်ဆက်တွဲတွင် တင်ပြထားပါသည်။)

| စဉ် | မြို့နယ် | ကျေးရွာ | မြေပုံညွှန်း | ဖျက်ဆီးသည့် နေ့စွဲ |
|---|---|---|---|---|
| ၄၁ | မန်တုန် | မန်ပြိန်း | T-003927 | ၂၈-၁၁-၀၆ |
| ၄၂ | မိုင်းရယ် | မန်ဖြတ် | H-865822 | ၁၅-၁၂-၀၆ |
| ၄၃ | နမ့်ခမ်း | မန်ပူး | O-436064 | ၉-၁၂-၀၆ |
| ၄၄ | တန့်ယန်း | လွယ်ဆေး | D-269053 | ၁၈-၁၂-၀၆ |

ပုံစံ (၂)သည် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း နှိုင်းယှဉ်ချက်နှင့်
အကဲဖြတ်လေ့လာတွေ့ရှိချက်များ

| | (နအဖ) ၏ ရဲအစီရင်ခံစာ | |
|---|---|---|
| ကျေးရွာ | တွေ့ရှိဧက | ဖျက်ဆီးဧက |
| မန်ပူး | ၂ | ၂ |

| ဖျက်ဆီးသည့် တပ်ဖွဲ့ | တွေ့ရှိ ဧက | ဖျက်ဆီး ဧက | စုစုပေါင်း ဧက | ပိုင်ဆိုင်သူ လက်အစီရင်ခံစာ နံပါတ် |
|---|---|---|---|---|
| စစ်တပ်-ရဲ ပူးပေါင်း | ၃. ၇ | ၃. ၇ | ၃. ၇ | ၅၀-ဦး၄/၁၁၁၇၀၀ |
| စစ်တပ်-ရဲ ပူးပေါင်း | ၂ | ၂ | ၂ | ၆၀-ဦး၄/၁၆၁၇၂၀ |
| စစ်တပ်-ရဲ ပူးပေါင်း | ၂ | ၂ | ၂ | ၁-ဦး၄/၀၅၁၃၃၀ |
| စစ်တပ်-ရဲ ပူးပေါင်း | ၃ | ၃ | ၃ | ၂-ဦး၄/၂၁၀၅၁၅ |

| ပလောင် အမျိုးသမီးအစည်းအရုံး လေ့လာမှု | | |
|---|---|---|
| ကျေးရွာ | စုစုပေါင်းဧက | ဖျက်ဆီးဧက |
| မန်ပူး | ၃၀ | ၁. ၅ |


**ဘိန်းစိုက်ပျိုးမှုက ပလောင်လူမျိုးတို့ ရိုးရာ လက်ဖက်စိုက်ပျိုးမှုကို အစားထိုးလာခြင်း**

ပလောင် အမျိုးသမီး အစည်းအရုံး **(PWO)** ၏ ယခင်က ထုတ်ဝေခဲ့သည့် "အဆိပ်သင့်ပန်းများ" အစီရင်ခံစာတွင် ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ဒေသရှိ တောင်သူများသည် ရိုးရာလက်ဖက်စိုက်ပျိုးခြင်းမှ ဘိန်းစိုက်ပျိုးခြင်း လုပ်ငန်းသို့ တိုး၍ ပြောင်းလဲ လုပ်ကိုင်နေကြသည်ကို ဖော်ပြခဲ့ပါသည်။ အကြောင်းမှာ စစ်တပ်က လက်ဖက်ဈေးကို ချုပ်ကိုင် ရောင်းဝယ်နေခြင်းနှင့် အခွန် အတုတ်ကြီးမြင့်ခြင်း အကြောင်းများကြောင့် ဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် လက်ဖက်စိုက်တောင်သူများသည် အထက်ဖော်ပြပါ ပြဿနာများအပြင် မြန်မာတနိုင်ငံလုံးတွင် လူသုံးကုန်ပစ္စည်းများ ဈေးကြီးမြင့်လာသည့် ဒဏ်ကို ခံစားခဲ့ကြရပါသည်။ ထို့အပြင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ၌ စိုက်ပျိုးထွက်ကုန်ပစ္စည်းများအပေါ် ကုန်သွယ် ရောင်းဝယ်မှု၌ အသစ်သော တင်းကြပ်ကန့်သတ်မှုများလည်း ရှိလာနေခဲ့သည်။ သို့အတွက်ကြောင့် အမြတ်အစွန်းပိုရရာ ဘိန်း စိုက်ပျိုးမှုဘက် လှည့်ပြောင်း လာကြခြင်း ဖြစ်ပါသည်။

မိမိတို့အဖွဲ့က မန်တုန်မြို့နယ်ရှိ **(LK)** အမည်ရှိ ကျေးရွာတခုသို့ လွန်ခဲ့သည့် ၃–နှစ်တာ ကာလအတွင်း လက်ဖက်စိုက်ပျိုးမှု ဧက နှင့် ဘိန်းစိုက်ပျိုးမှု ဧက အကျယ်အဝန်းကို နှိုင်းယှဉ်လေ့လာမှု ပြုခဲ့ကြပါသည်။ ၎င်း ကျေးရွာသည် အိမ်ထောင်စု (၁၈၀) နေထိုင်ရာ ကျေးရွာတခုဖြစ်ပြီး၊ လူဦးရေ ၁,၀၈၀ ဦး နေထိုင်ပါသည်။ ယခင်က ကျေးရွာရှိတောင်သူများက (၂၀၀၆– ၂၀၀၇) ခုနှစ်တွင် လက်ဖက်စိုက်ခင်း ၁,၈၀၀ ဧက စိုက်ပျိုးခဲ့ကြသော်လည်း၊ (၂၀၀၈–၂၀၀၉) ခုနှစ်တွင် အမှန်တကယ် လက်ဖက်ရွက်များ ပျိုးထောင်၍ ဆွတ်ခူးနေသည့် လက်ဖက်စိုက်ဧက တဝက်မျှနီးပါး၊ ဧက ၁, ၀၀၀ သို့ ကျဆင်းသွားသည်ကို တွေ့ရှိရပါ သည်။ ဤတချိန်တည်းမှာပင် ဘိန်းစိုက်ဧက က ယခင်ဧက ၅၀၀ မှ ၈၀၀ သို့ တိုးတက်လာခဲ့ပါသည်။

၂၀၀၉ ခုနှစ်၊ မတ်လတွင် (နအဖ) စစ်အစိုးရ၏ ကျန်းမာရေးဌာနက လက်ဖက်ထွက်ကုန်များ တွင် ဓာတုဆိုးဆေး အိုရာမင်း (အို) **(Auramine O)** ပါဝင်နေသည်ဟု ဆိုကာ ရုတ်တရက် စားသုံးရန် ပိတ်ပင်ခဲ့ပါသည်။ ဤဆိုးဆေးများကို လက်ဖက်များ အချဉ်ဖောက်ရာ၌ အသုံးပြုကြပါသည်။ စစ်တပ်များ၊ ရဲများနှင့် အခြားဒေသ အာဏာပိုင်များက လက်ဖက်ထွက်ကုန် အများအပြားကို သိမ်းဆည်းကာ အမှန်တကယ် ဓာတုဆေး ပါဝင်နေခြင်း ရှိ–မရှိ စစ်ဆေးခြင်း မရှိဘဲ ဖျက်ဆီးခဲ့ကြပါသည်။ သို့ဖြင့် ဒေသခံ လက်ဖက်စိုက်တောင်သူများအဖို့ အကြီးအကျယ် နစ်နာဆုံးရှုံးစေကာ လက်ဖက်စိုက်ပျိုးမှုကို စွန့်လွှတ်ရန် အတင်း အကျပ် တွန်းပို့သည့် အကြောင်း ဖြစ်စေခဲ့ပါသည်။ အချို့သူများမှာ အခြားဒေသများသို့ ပြောင်းရွှေ့၍ အလုပ်အကိုင် ရှာဖွေခဲ့ကြပါသည်။ ဤအချက်သည်ပင် ပလောင် တောင်သူ အများအပြားအဖို့ ယခင် လက်ဖက်စိုက်ပျိုးနေရာမှ မိမိတို့ ရှင်သန် ရပ်တည်ရေး အတွက် ဘိန်းစိုက်ပျိုးမှုဖက်သို့ လှည့်လာသော အကြောင်းလည်း ဖြစ်နိုင်ပါသည်။ သို့အတွက်ကြောင့် ၂၀၀၉–၂၀၁၀ ခုနှစ်တွင် ပို၍ ဘိန်းအထွက်တိုးလာရန် အကြောင်း ရှိနေပါသည်။

# မန်တုန်မြို့နယ်ရှိ (လခ)ကျေးရွာတွင် လက်ဖက်နှင့် ဘိန်းစိုက်ပျိုးနေမှုများပြပုံ




*"စီးပွားရေးက ယုံစားရတာ မဟုတ်ဘူး။ လက်ဖက်ဈေးတွေက အင်မတန်ကျနေတယ်။ ဒီလောက် လက်ဖက်ဈေးတွေ ကျနေရင် လူတွေက လုပ်စားလို့ ဖြစ်မှာမဟုတ်ဘူး။ ဒါနဲ့ပဲ သူတို့ ဘိန်းကို စစိုက်ပျိုးလာကြတယ်။ ဘိန်းစိုက်တာက အချိန်နည်းနည်းပဲ ပေးရတယ်။ အမြတ်အစွန်းက များတယ်။ သူတို့ ဘိန်းတနှစ်စိုက်ပြီးတဲ့အခါ သူတို့တနှစ်လုံး ထိုင်စားဖို့ စာနပ်ရိက္ခာဖိုး ဖူလုံတယ်။ "*
ဦးအိုက်ယိုင် (မန်ပူးကျေးရွာ၊ နမ့်ခမ်းမြို့နယ်)



## ပလောင်ကျေးရွာများတွင် မူးယစ်ဆေးစွဲမှု တိုးပွားများပြားလာခြင်း

ပလောင် အမျိုးသမီး အစည်းအရုံး **(PWO)** ၏ "အဆိပ်သင့်ပန်းများ" အစီရင်ခံစာတွင် ပလောင်ဒေသရှိ ရပ်ရွာများအတွင်း မူးယစ်ဆေးစွဲမှုကြောင့် ဖြစ်ရသည့် ဆိုးကျိုးသက်ရောက်ရမှုများ၊ အထူးသဖြင့် အမျိုးသမီးများက ပို၍ နစ်နာခံစားရပုံများကို အသေးစိတ် ဖော်ပြခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာ ကွဲပြားမှုအပေါ် ချိုးနှိမ်ဆက်ဆံသောကြောင့် အထူးနစ်နာခံစားရသည့်အပြင် ပလောင်အမျိုးသမီးများ၏ ခင်ပွန်းယောကျ်ားများက ဘိန်းစားများ ဖြစ်လာသည့်အခါ ပို၍ ဆင်းရဲဒုက္ခများ ကြုံတွေ့ခံစားကြရ ပါသည်။ ယောကျ်ားခင်ပွန်းများက အိမ်ထောင်မှုအတွက် ထောက်ပံ့မှု မပြုတော့ရုံမျှမက၊ အိမ်ထောင်စု ပိုင်ဆိုင်မှု ပစ္စည်းများကို ဆေးဖိုးအတွက် ထုတ်ရောင်းကြသည်။ ကြွေးနွံနစ်ကြရသည်။ ဆေးဖိုးအတွက် ခိုးမှု ကျူးလွန်မှုများလည်း ရှိလာခဲ့သည်။ သူတို့ ယောကျ်ားများ၏ နှုတ်ပိုင်းဆိုင်ရာ ကြိမ်းမောင်းဆဲရေးမှု၊ ကိုယ်ခန္ဓာ အနှောင့်အယှက် ဖြစ်စေရန် ရိုက်နှက်မှုများလည်း ခံစားကြရသည့် အပြင် အိမ်ထောင်စုတွင်းရှိ ကလေး ၁၀ ဦး၊ သို့မဟုတ် ၁၁ ဦးအထိကို စောင့်ရှောက် ကျွေးမွေးရမည့် ဝန်ကိုပါ ဇနီးမယားများ က ထမ်းကြရသည်။ ကျေးရွာအတွင်း၌ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ ရှားပါးလွန်းသော အခြေအနေတွင် ဤ ကလေးများ၏ ဝန်ကိုထမ်း၍ စောင့်ရှောက်ပြုစုနေကြရခြင်း ဖြစ်သည်။

မကြာသေးမီကာလတွင် ဖြစ်ပေါ်နေသည့် မူးယစ်ဆေးစွဲမှု အခြေအနေကို သိရှိနိုင်ရန်အတွက် ပလောင် အမျိုးသမီးအစည်းအရုံး **(PWO)**က ကျေးရွာခေါင်းဆောင် လူကြီးများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုခဲ့ပါသည်။ မူးယစ်ဆေးစွဲမှု များပြားနေသည်ဟု သိရှိသည့် ကျေးရွာများကို မေးမြန်းခဲ့ခြင်း ဖြစ်သည်။ မြို့နယ် ၃–ခု ဖြစ်သည့် မန်တုန်၊ နမ့်ခမ်း၊ နမ့်ဆန်မြို့နယ်များတွင် ကျေးရွာ တခုစီကို ရွေးထုတ်ခဲ့ပါသည်။ ဤကျေးရွာများသည် ဘိန်းစိုက်ပျိုးနေကြသည့် ကျေးရွာများလည်း ဖြစ်သည်။ (သို့သော် နမ့်ဆန် မြို့နယ်မှ ရွေးချယ်ခဲ့သော ကျေးရွာသည် ဘိန်းစိုက်ပျိုးနေသည့် ကျေးရွာ မဟုတ်ပါ။)

အသက် ၁၅–နှစ်မှအထက် ယောကျ်ားများတွင် မူးယစ်ဆေးစွဲမှု ရာခိုင်နှုန်းသည် ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း နှစ်စဉ် အလိုက် တိုးတက်လာနေပါသည်။ မန်တုန်မြို့နယ်တွင် မူးယစ်ဆေးစွဲမှု အမြင့်မားဆုံးနှုန်းကို တွေ့ရှိရသည်။

## မန်တုန်မြို့နယ်

နမူနာအဖြစ် ရွေးထုတ်ခဲ့သည့် မန်တုန်မြို့နယ်အတွင်းရှိ ကျေးရွာတွင် လူဦးရေ ခန့်မှန်း ၃၆၀ ခန့်နေထိုင်ပြီး၊ ခန့်မှန်း ကျား ၁၆၀ ဦး ရှိပါ သည်။ ၎င်းတို့အနက်မှ ယောကျ်ား ၁၀၀ ဦးမှာ အသက် ၁၅–နှစ် အထက်ဖြစ်ပါသည်။ အသက် ၁၅–နှစ် အထက် ယောကျ်ား များတွင် မူးယစ်ဆေးစွဲမှုနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | အသက် ၁၅–နှစ်အထက် ဆေးစွဲနေသူယောကျ်ားများ | အသက် ၁၅–နှစ်အထက် ယောကျ်ားများ၏ ရာခိုင်နှုန်း |
|---|---|---|
| ၂၀၀၇ | ၅၇ | ၅၇% |
| ၂၀၀၈ | ၇၀ | ၇၀ % |
| ၂၀၀၉ | ၈၅ | ၈၅ % |

## နမ့်ခမ်းမြို့နယ်

နမူနာအဖြစ် ရွေးထုတ်ခဲ့သည့် နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာတွင် လူဦးရေ ခန့်မှန်း ၃,၅၀၀ ခန့်နေထိုင်ပြီး ခန့်မှန်း ကျား ၁,၅၀၀ ဦး ရှိပါသည်။ ၎င်းတို့အနက်မှ ယောကျ်ား ၉၀၀ ဦးမှာ အသက် ၁၅–နှစ် အထက်ဖြစ်ပါသည်။ အသက် ၁၅–နှစ် အထက် ယောကျ်ားများတွင် မူးယစ်ဆေးစွဲမှုနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | အသက် ၁၅–နှစ်အထက် ဆေးစွဲနေသူယောကျ်ားများ | အသက် ၁၅–နှစ်အထက် ယောကျ်ားများ၏ ရာခိုင်နှုန်း |
|---|---|---|
| ၂၀၀၇ | ၁၁၅ | ၁၂% |
| ၂၀၀၈ | ၂၅၀ | ၂၇% |
| ၂၀၀၉ | ၄၀၀ | ၄၄% |

## နမ့်ဆန်မြို့နယ်

နမူနာအဖြစ် ရွေးထုတ်ခဲ့သည့် နမ့်ဆန်မြို့နယ် အတွင်းရှိ ကျေးရွာတွင် လူဦးရေ ခန့်မှန်း ၁,၅၀၀ ခန့်နေထိုင်ပြီး၊ ခန့်မှန်း ကျား ၆၅၀ ဦး ရှိပါသည်။ ၎င်းတို့အနက်မှ ယောကျ်ား ၄၀၀ ဦးမှာ အသက် ၁၅–နှစ် အထက်ဖြစ်ပါသည်။ အသက် ၁၅–နှစ် အထက် ယောကျ်ားများတွင် မူးယစ်ဆေးစွဲမှုနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | အသက် ၁၅–နှစ်အထက် ဆေးစွဲနေသူယောကျ်ားများ | အသက် ၁၅–နှစ်အထက် ယောကျ်ားများ၏ ရာခိုင်နှုန်း |
|---|---|---|
| ၂၀၀၇ | ၄၅ | ၁၀% |
| ၂၀၀၈ | ၉၀ | ၂၂% |
| ၂၀၀၉ | ၁၀၈ | ၂၇% |



**လာဘ်ပေးလာဘ်ယူမှုကြောင့် နမ့်ခမ်းဒေသတွင် ဘိန်းဖြူဆေးစွဲမှု များပြားလာခြင်း။**

နမ့်ခမ်းမြို့တွင် မူးယစ်ဆေးဝါး ဖောက်ကား စည်ပင်နေသော ဈေးကွက်ရှိပါသည်။ တရုတ်နိုင်ငံနယ်စပ်တွင် အလုပ်အကိုင်ရှာဖွေရန် ရောက်ရှိလာကြသည့် မြန်မာနိုင်ငံ အခြားအရပ်များမှ ရွှေ့ပြောင်း လာကြသည့် လူငယ်အများကလည်း မူးယစ်ဆေးရှာဖွေသုံးစွဲနေကြပါသည်။

နမ့်ခမ်းမြို့၏ အပြင် ကွင်းထဲတွင် ဖြစ်သလို ဆောက်လုပ်ထားသည့် စခန်း ၂–ခု ရှိနေပါသည်။ မူးယစ်ဆေး အရင့်အမာစွဲနေသူ များအတွက် ဈေးအပေါဆုံး မူးယစ်ဆေး ရနိုင် သည့်နေရာများ ဖြစ်ပါသည်။ စခန်းတခုသို့ တနေ့လျှင် မူးယစ်ဆေးသုံးရန် လာသူ ၁၀၀ ဦးမျှ ရှိမည်ဟု ခန့်မှန်းရပါသည်။ မူးယစ်ဆေးစွဲ၍ လာနေကြသူများအနက် အများစုမှာ ဘိန်းဖြူ စွဲနေ ကြသူများ ဖြစ်ပြီး၊ ၎င်းတို့အနက် ၃၀ ရာခိုင်နှုန်းမှာ အကြားတွင်း ဆေးထိုးသွင်းနေကြသူများ ဖြစ်ပါသည်။ ဤစခန်းများတွင် ဘိန်းဖြူ ကို တခါထိုးလျှင် အနည်းဆုံး ၅၀၀ ကျပ်အထိလည်း ရောင်းချပေးသည်။ မူးယစ်ဆေးစွဲနေကြသူများက ဆေးယင်းထမှ ပြေပျောက် စေရန် တနေ့လျှင် ၃–ကြိမ်မျှ ဤစခန်းများသို့ ရောက်လာကြသည်ဟုလည်း ဆိုသည်။

အလားတူမြို့တွင်း၌လည်း မူးယစ်ဆေး ရောင်းဝယ်သူများက ဘိန်းဖြူနှင့် အမ်ဖီတမင်းစိတ်ကြွဆေးပြားများကို ၎င်းတို့အိမ်၌ပင် ရောင်းဝယ်နေကြသည်။ သို့သော်လည်း ဤနေရာများ၌ ၂,၀၀၀ ကျပ်ပိုးအောက်ဆိုလျှင် ရောင်းချလေ့ မရှိကြပါ။ ပလောင် အမျိုးသမီးအစည်းအရုံး၏ လေ့လာ တွေ့ရှိချက်အရ အနည်းဆုံး အိမ်ဆိုင် ၁၅ ခုတွင် အလားတူ မူးယစ်ဆေးရောင်းဝယ်နေကြ ပါသည်။

ဤသို့ မူးယစ်ဆေးဝါးကို လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနေကြသည်ကို ကြည့်ခြင်းအားဖြင့် ဒေသခံ အာဏာပိုင်များနှင့် ပတ်သက်ဆက်စပ်မှုရှိနေမည်ကို သိသာနိုင်ပါသည်။ မူးယစ်ဆေး ရောင်းချနေသူများကို ဖမ်းဆီးရမည့်အစား၊ ဒေသခံအာဏာပိုင်များက မူးယစ်ဆေးဝါး သုံးစွဲသူများနောက်မှ လိုက်လံကာ အလွယ် ငွေရပေါက်အဖြစ် ခြိမ်းခြောက်ငွေညှစ်နေကြပါသည်။

၂၀၀၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် နမ့်ခမ်းမြို့ အခြေစိုက် ခြေမြန်တပ်ရင်း အမှတ် (၁၄၄) တပ်ရင်းမှူးနှင့် ပြည်သူ့စစ်များ အပါ အဝင် ဒေသခံ မူးယစ်ဆေး နှိမ်နင်းရေးတပ်ဖွဲ့များက နမ့်ခမ်းမြို့အနီးရှိ ကျေးရွာများတွင် နေထိုင်သော မူးယစ်ဆေးစွဲနေသူများ၏ ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ကြပါသည်။ မူးယစ်ဆေး စွဲနေသူ ၁၂–ဦးကို ဖမ်းဆီးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးစွဲနေသူ တဦးကို ငွေကျပ် ၂–သိန်း (အမေရိကန်ဒေါ်လာ ၂၀၀ ခန့်) ဒဏ်ရိုက်ခဲ့ပါသည်။ ဒဏ်ကြေးငွေ ပေးနိုင်သူများကို ပြန်လွှတ်ပေးခဲ့ ပြီး၊ ကျန်သူများကို ထောင်ဒဏ် ၂–နှစ် ချမှတ်ခဲ့ပါသည်။


၂၀၀၈ ခုနှစ်၊ မေလ ၂၀ ရက်နေ့ နမ့်ခမ်းမြို့ရှိ ရဲအုပ်အောင်မျိုးသည် မူးယစ်ဆေးဝါး သုံးစွဲနေသူများအတွက် နာမည်ကျော်နေရာ လယ်ယာတက်သို့ သွား၍ လူများ ဖမ်းဆီးခြင်း မပြုဘဲ မူးယစ်ဆေးစွဲနေသူများထံမှ မော်တော်ဆိုင်ကယ် ၁၅–စင်းကို သိမ်းယူလာခဲ့ပါသည်။ သူက ဤဆိုင်ကယ်များကို အခြားတနေရာတွင် ပြန်၍ ရောင်းချခဲ့ပါသည်။ ဆိုင်ကယ်ပိုင်ရှင်များမှာ မူးယစ်ဆေးစွဲနေသူများ ဖြစ်သောကြောင့် ဤအမှုကို မည်သူ့ထံမှ တိုင်ကြားခဲ့ခြင်း မရှိဘဲ ကြိတ်မှိတ် ခံစားခဲ့ကြရပါသည်။

နမ့်ခမ်းအနီးရှိ စခန်းများတွင် မူးယစ်ဆေးစွဲနေသူများ၏ ဓာတ်ပုံများ၊
မူးယစ်ဆေးစွဲနေသူများက ကိုယ်တွင်းသို့ ဆေးထိုးသွင်း နေကြပုံ





၂၀၀၈ ခုနှစ် ကုလ မူးယစ်ရုံး (UNODC) စစ်တမ်းအရ မြေပုံ
(အပစ်အခတ်ရပ်စဲရေး အဖွဲ့များ ထိန်းချုပ်ရာဒေသအဖြစ် ဖော်ပြထားသည်။)




၂၀၀၈ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးအဖွဲ့များက
အမှန်တကယ် ထိန်းချုပ်ထားသည့် ဒေသများ




မှတ်ချက်။ ။ အဖြူရောင်သည် နအဖလက်အောက်တွင် ထိန်းချုပ်ထားသော ဒေသများ

## ပလောင်အမျိုးသမီး အစည်းအရုံး (PWO) ၏ လေ့လာတွေ့ရှိချက်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) ၏ တရားဝင် စစ်တမ်း ကောက်ယူ လေ့လာချက်များ

ပလောင်အမျိုးသမီး အစည်းအရုံး (PWO) ၏ ရပ်ရွာတွင်း အကဲဖြတ် လေ့လာတွေ့ရှိချက်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) ၏ နှစ်စဉ် ဘိန်းစိုက်ပျိုးမှု စစ်တမ်း ကောက်ယူမှု အစီရင်ခံစာများတွင် ကွဲလွဲချက်များ ရှိနေသည်ကို တွေ့ရပါသည်။ ဘိန်းစိုက်ပျိုးမှု ဧက အရေအတွက် ကွာခြားနေသကဲ့သို့၊ ဖျက်ဆီးသည့် ဘိန်းခင်း ပမာဏလည်း ကွာခြားနေသည်။ ဘိန်းစိုက်ပျိုးမှု ဇေိယာပြမြေပုံတွင် နိုင်ငံရေးအရ မြေပုံထုတ်ဖော်ပြချက်များလည်း မမှန်ကန်သည်ကို တွေ့ရှိရပါ သည်။

ပလောင်အမျိုးသမီး အစည်းအရုံး (PWO) အနေနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) ၏ စစ်တမ်း ကောက်ယူလေ့လာချက်များအပေါ်တွင် အောက်ပါ အချက်များအပေါ်၌ စိုးရိမ်ပူပန်မှု ရှိနေပါသည်။

## ၁။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) က အစိုးရ ထိန်းချုပ်ထားရာ ဒေသများတွင် ဘိန်းစိုက် ပျိုးမှု တိုးတက်များပြားနေသည်ကို အသိအမှတ်ပြု ဖော်ပြထားခြင်း မရှိခြင်း။

(၂၀၀၈) ခုနှစ် ကုလသမဂ္ဂ မူးယစ်ရုံး (UNODC) ၏ မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှု စစ်တမ်း အစီရင်ခံစာ၌ မြန်မာနိုင်ငံတွင် ဘိန်း ဆက်လက် ထုတ်လုပ်နေမှုသည် အစိုးရနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများ၌သာ လုံးဝတာဝန်ရှိသည်ဟု စွပ်စွဲဖော်ပြထား ခဲ့ပါသည်။ "စစ်တမ်းကောက်ယူမှုက တွေ့ရှိရာတွင် ဘိန်းစိုက်ပျိုးမှုသည် သူပုန်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ များ ထိန်းချုပ်ထားရာဒေသတွင်သာ ဖြစ်ပေါ်နေသည်" ဟု ဖော်ပြထားခဲ့သည်။

အခြား ကဏ္ဍတခုတွင်လည်း၊ အစီရင်ခံစာက ဖော်ပြထားရာတွင် "မန်တုံမြို့နယ်သည် ဘိန်းအထူး စိုက်ပျိုးနေသည့် ဒေသတခု ဖြစ်သည်၊ ဘိန်းစိုက်ပျိုးမှုများသည် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) ထိန်းချုပ်ထားရာ ဒေသများ၌ ဆောင်ရွက် နေကြသည်။ " ဟု ဖော်ပြထားပြန်သည်။

နမ့်ခမ်းနှင့် မန်တုံမြို့နယ် အတွင်းရှိ ယခု စစ်တမ်းကောက်ယူခဲ့သည့် ဘိန်းစိုက်ပျိုးနေရာဒေသများမှာ တခုမျှ သူပုန်အဖွဲ့များ အပစ်အခတ် ရပ်စဲရေး အင်အားစုများ ထိန်းချုပ်ထားရာ ဒေသများ မဟုတ်ကြပါ။ ဤဒေသများသည် ၂၀၀၅ ခုနှစ်တွင် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) ကို လုံးဝ လက်နက်ဖြုတ်သိမ်းပြီးသည့် အချိန်မှစ၍ မြန်မာ့တပ်မတော် နှင့် သူတို့၏ ဩဇာခံ ပြည်သူ့စစ်တပ်ဖွဲ့များက ထိန်းချုပ်ထားခဲ့ကြသည့် ဒေသများသာ ဖြစ်ကြပါသည်။

(၂၀၀၉) ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြန့်ချိသည့် ကုလသမဂ္ဂ မူးယစ်ရုံး (UNODC) ၏ မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှု စစ်တမ်း ၂၀၀၉ ခုနှစ် အစီရင်ခံစာ၌ ယခင် လွဲမှားနေသည့် မြေပုံကိုသုံး၍ အချိန်နှင့် တပြေးညီ မဟုတ်တော့သည့် အပစ်အခတ်ရပ်စဲရေး အဖွဲ့ များ ထိန်းချုပ်ရာဒေသပြ မြေပုံကို ထည့်သွင်း ဖော်ပြထားပါသည်။ ဤအစီရင်ခံစာ ထုတ်ဝေမှုအတွက် ဆောင်ရွက်သည့် သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂ မူးယစ်ရုံး (UNODC) က ဘိန်းစိုက်ပျိုးမှု ပြဿနာအတွက် အပစ်အခတ် ရပ်စဲရေး အဖွဲ့များအပေါ်တွင်ပင် အပြစ်ပုံ စွပ်စွဲခဲ့ပါသည်။ မြန်မာ စစ်အစိုးရကို စွပ်စွဲဖော်ပြခဲ့ခြင်း မရှိပါ။ ကုလသမဂ္ဂ မူးယစ်ရုံး (UNODC) ၏ အမှုဆောင် ဒါရိုက်တာ အန်တိုနီယို မာရီယာ (Antonio Maria) က ပြောကြားချက်ကို ကိုးကားဖော်ပြရာ တွင် "ဘိန်းဈေးကွက် တိုးတက်ကြီးထွားလာခြင်း အကြောင်းမှာ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် တည်ငြိမ်မှု မရှိ ခြင်းနှင့် ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့များက လက်နက်များဝယ်ယူရန် ဘိန်း၊ မူးယစ်ဆေးဝါးများ ထုတ်ရောင်းနေကြသော ကြောင့် ဖြစ်သည်" ဟု ဆိုခဲ့သည်။

**၂။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) က (နအဖ) စစ်အစိုးရပေးသည့် သတင်းအချက် အလက်များ အပေါ်တွင်သာ အားကိုးအားထား ပြုနေခြင်း။**

ပလောင်အမျိုးသမီး အစည်းအရုံး (PWO) ၏ အကဲဖြတ် လေ့လာချက်က ရှမ်းပြည်နယ် မြောက်ပိုင်းဒေသတွင် ဘိန်း အမှန် တကယ်စိုက်ပျိုးနေသည့် ဒေသများကို မှတ်တမ်းတင်ခဲ့ရာတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) ၏ မကြာသေးမီက နှစ်စဉ် ဘိန်းစိုက်ပျိုးမှု စစ်တမ်း အစီရင်ခံစာများထက် အဆများစွာ များပြားနေပါသည်။ (၂၀၀၈– ၂၀၀၉ ) ဘိန်းစိုက်ပျိုးရာသီတွင် (PWO) က ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မြို့နယ် (၂၃) ခုရှိနေသည့်အနက် မြို့နယ် (၂) ခု၌သာ လေ့လာတွေ့ရှိချက်သည် (UNODC) က မြို့နယ် (၂၃) ခုအတွက် မှတ်တမ်းတင် ဖော်ပြထားသည့် ကိန်းဂဏန်း ထက် (၃) ဆမျှ များပြားနေပါသည်။

ဘိန်းစိုက်ပျိုးမှု (ဟက်တာဖြင့်)

| | | ၂၀၀၆-၇ | ၂၀၀၇-၈ | ၂၀၀၈-၉ |
|---|---|---|---|---|
| (UNODC) ၏ ဘိန်းစိုက်ပျိုးမှု စစ်တမ်း | ရှမ်းပြည်နယ် မြောက်ပိုင်း (၂၃ မြို့နယ်) | ၃၅၀ | ၈၀၀ | ၁၆၀၀ |
| (PWO)၏စစ်တမ်း ကောက်ယူမှု | မန်တုန်နှင့် နမ့်ခမ်း မြို့နယ်ရှိ စစ်တမ်း ကောက်ယူသည့် ဒေသများသာ | ၉၆၃ | ၁၄၅၈ | ၅၅၆၅ |

ပလောင်အမျိုးသမီး အစည်းအရုံး **(PWO)** ၏ စိုးရိမ်ပူပန်မှုမှာ ကုလသမဂ္ဂ မူးယစ်ရုံးက (နအဖ) စစ်အစိုးရမှပေးသည့် ရဲဌာနများမှ တက်လာသည့် ဘိန်းခင်း ဖျက်ဆီးမှု အစီရင်ခံစာများအပေါ် တွင်သာ ဘိန်းပပျောက်ရေးအတွက် မှီခိုအားထားနေမည့် အရေး ဖြစ်ပါသည်။ ထို့အပြင် ကုလသမဂ္ဂ စစ်တမ်းကောက်ယူမှုအနေနှင့် အမှန် လက်တွေ့နှင့် ကင်းကွာနေမည့် အရေး ဖြစ် သည်။ ပလောင်အမျိုးသမီး အစည်းအရုံး **(PWO)** ၏ လေ့လာတွေ့ရှိချက်အရ (နအဖ) စစ်အစိုးရ၏ မြို့နယ် ရဲတပ်ဖွဲ့များသည် များသောအားဖြင့် အထက်သို့ ထိန်ချန်တင်ပြနေလေ့ရှိရာ အမှန်တကယ် ဘိန်းစိုက်နေသည့် ဧကထက် လျော့နည်း၍ တင်ပြမှုများ ရှိနေနိုင်ပါသည်။

၂၀၀၈ ခုနှစ်၊ ဩဂုတ်လတွင် ကုလသမဂ္ဂ၏ အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်စစ်ဆေးမှု စရင်းစစ်ဌာန **(UN Office of Internal Oversight Services Internal Audit Division)** က မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး **(UNODC)** ၏ လုပ်ငန်းဆောင်ရွက်ထားမှုများကို ပြန်လည် သုံးသပ်ခဲ့ပါသည်။ ဤအစီရင်ခံစာက နိဂုံး ချုပ်သုံးသပ် ဖော်ပြရာတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး **(UNODC)** က ဘိန်းစိုက်ပျိုးမှု စစ်တမ်း ကောက်ယူမှုများနှင့် ပတ်သက်၍ လိုအပ်ချက်များ ပြည့်မီသော်လည်း ဝ အထူးဒေသ၏ အခြားနည်းဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များ အောင်မြင်မှု မရှိခဲ့ကြောင်း ထောက်ပြသည်။ သို့မဟုတ် မူးယစ်ဆေးဝါးကို အသုံးချနေမှု လျော့ကျမှု မရှိဟု ထောက်ပြသည်။ ၎င်းအစီရင်ခံစာကပင် ညံ့ဖျင်းသော စီမံခန့်ခွဲမှု၊ "အတွင်း အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး ထိန်းချုပ်မှု အားနည်းချက် ကြောင့်" ကုလသမဂ္ဂ ရန်ပုံငွေများ တလွဲသုံးနိုင်သည့် အန္တရာယ်ရှိနေမှုကို ထောက်ပြခဲ့သည်။ အစိုးရ၏ တင်းကျပ်ကန့် သတ်မှုများကြောင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး **(UNODC)** ၏ ဝန်ထမ်းများ ဆက်သွယ်ရေးခက်ခဲစေပြီး လုံခြုံရေးပြဿနာ စိုးရိမ်ဖွယ်ရာလည်း ရှိကြောင်း ထောက်ပြသည်။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ ရှိ ကုလ မူးယစ်ရုံး (UNODC) ကို လုံးဝအားထား အခြေပြုဖွယ် မရှိကြောင်းနှင့် ဘိန်းစိုက်ပျိုး၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း ဆိုင်ရာ အကဲဖြတ်ချက်များတွင်လည်း ချွတ်ချော်တိမ်းပါးမှုများ ရှိနိုင်ကြောင်း ပြသနေသည်။

## နိဂုံးနှင့် အကြံပြုချက်များ

ပလောင်အမျိုးသမီး အစည်းအရုံး၏ သုတေသနပြုချက်အရ ၂၀၀၆ ခုနှစ်၊ အဆိပ်သင့်ပန်းများ အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိ ခဲ့ ပြီးချိန်မှစ၍ ပလောင်ဒေသအတွင်းတွင် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးစွဲမှု သိသိသာသာ တိုးတက်များပြားလာကြောင်း ပြသနေပါသည်။

စစ်အစိုးရက ၎င်းထိန်းချုပ်ထားရာ ဒေသများအတွင်း၌ ဘိန်းစိုက်ခွင့်၊ မူးယစ် ဆေးထုတ်ခွင့်ကို ခွင့်ပြုထားပြီး၊ အာဏာပိုင်များက ဘိန်းစိုက်တောင်သူများနှင့် မူးယစ်

ဆေးစွဲနေသူများထံမှ ငွေညှစ်တောင်းယူရန်လည်း မသိကျိုးကျွံ ခွင့်ပြုထားပါသည်။ ထို့အပြင် စစ်တပ် လုံခြုံရေးတပ်ဖွဲ့များကို တိုးချဲ့ဖွဲ့စည်းနေသလို၊ ဤတပ်ဖွဲ့များကလည်း မူးယစ်ဆေးဝါးကိစ္စတွင် ပါဝင် ပတ်သက်နေကြပါသည်။

ပလောင်အမျိုးသမီးအစည်းအရုံးမှ တွေ့ရှိချက်များအရ မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါး ပြဿနာတွင် ဖွဲ့စည်းပုံအရ အခြေခံကျ ကျ ပြဿနာများ အမြစ်တွယ်နေသည်ကို တွေ့ရသည်။ စစ်အစိုးရက တိုင်းရင်းသားဒေသများတွင် စစ်တပ်အင်အားတိုးချဲ့ရေး မဟာဗျူဟာကို လုံးပမ်းနေပြီး၊ တိုင်းရင်းသား သူပုန်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး အဖြေရှာရမည့်အစား ၎င်းတို့ကို ချေမှုန်း အနိုင်ယူရန် ကြိုးပမ်းနေလျှက် ရှိသည်။ သို့အတွက်ကြောင့်ပင် လုံခြုံရေးတပ်ဖွဲ့များ တိုး၍ တိုး၍ ချထားလာနေပြီး၊ ဤတပ်ဖွဲ့ များကို တဖက်က ဘိန်း မူးယစ်ဆေးဝါးမှ ရရှိသည့် ဝင်ငွေဖြင့် ထောက်ပံ့ပေးလျှက် ရှိသည်။ မည်သည့်တန်ဖိုးပေးရ ပေးရ အာဏာတည်မြဲရေး အတွက် ဆောင်ရွက်နေသည့် စစ်အစိုးရသည် ၎င်းကိုယ်တိုင်က ကြွေးကြော်ထားသော မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း ပြန်လည်ချေဖျက်လျှက် ရှိနေသည်။

စစ်အစိုးရ၏ တပ်အင်အားတိုးချဲ့ချထားရေး မဟာဗျူဟာကို မရုပ်သိမ်းသ၍ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်စေရေး အတွက် နိုင်ငံတကာ၏ ကူညီ ထောက်ပံ့မှုများသည်လည်း အချည်းနှီးဖြစ်ရလိမ့်မည် ဖြစ်သည်။ ဒေသအတွင်းသို့ ဆိုးကျိုး ရိုက်ခတ်မှုများ ဖြစ်ပေါ်နေစေသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းရန်ဆိုလျှင်၊ ပြည်တွင်းစစ်မီး၏ အခြေခံ ရေသောက်မြစ် အကြောင်းအရင်းများကို နိုင်ငံရေးအရ တွေ့ဆုံ ညှိနှိုင်း ဖြေရှင်းရေးကလည်း မရှိမဖြစ် အရေးပေါ် လိုအပ်နေပါ သည်။

**သို့အတွက်ကြောင့် ပလောင်အမျိုးသမီး အစည်းအရုံး အနေနှင့် အောက်ဖော်ပြပါ အကြံပြုချက်များ ပြုလိုပါသည်။**

**မြန်မာစစ်အစိုးရ အနေနှင့်–**

- တနိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးကို ချက်ချင်း အကောင်အထည်ဖော်ရန် နှင့် မြန်မာနိုင်ငံတွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရန် ပထမဦးဆုံး ခြေလှမ်းအနေနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့နှင့် တွေ့ဆုံ ဆွေးနွေးရန်။ ဤနည်းသည်သာ မြန်မာနိုင်ငံတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် မူးယစ် ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်မည့် တခုတည်းသော နည်းလမ်း ဖြစ်သည်။
- တိုင်းရင်းသား ဒေသများအတွင်း ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ အတင်းအကျပ် သိမ်းသွင်း စည်းရုံးနေမှုကို ရပ်ဆိုင်းပါရန်။

**ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC) အနေနှင့်**

- မြန်မာနိုင်ငံတွင် နှစ်စဉ် ဘိန်းစိုက်ပျိုးမှု စစ်တမ်းကောက်ယူမှုဆိုင်ရာ အချက်အလက် စုဆောင်းခြင်းကို ပို၍ အရည် အသွေး မြှင့်တင် ဆောင်ရွက်ရန်နှင့် ရရှိလာသည့် အချက်အလက် များ တိကျမှန်ကန်မှုအတွက် စစ်ဆေး သေချာစေရန်၊ အထူးသဖြင့် စစ်တမ်းကောက်ယူမှု ရလဒ်ကို ပုံနှိပ်မဖြန့်ချိမီ ကာလတွင် စစ်အစိုးရက ထောက်ပံ့ပေးလာသည့် သတင်း အချက်အလက်များကို သီးခြားလွတ်လပ်သည့် ရင်းမြစ်များနှင့် ပြန်လည်တိုက်ဆိုင် စစ်ဆေးရန်၊ နိုင်ငံရေး အရ သုံးသပ်ချက် များကိုလည်း မှားယွင်းမှု မရှိစေရန်နှင့် လွဲချော် ကောက်ချက် မချမိစေရေးအတွက် သေချာစစ်ဆေးပါရန်။
- စစ်တမ်းကောက်ယူရေးနှင့် အစီအစဉ်ကို ပြန်လည် သုံးသပ်ရာ၌ သီးခြားလွတ်လပ်သည့် ရပ်ရွာအခြေပြု အဖွဲ့ အစည်းများနှင့် တိုင်ပင် အကြံရယူရန်၊ အချက်အလက်များကို ပို၍ တိကျစွာ တိုက်ဆိုင် စစ်ဆေးနိုင်ရန်၊
- (UNODC) အစီအစဉ် ဆောင်ရွက်နေရာ ဒေသများအတွင်း စစ်အစိုးရနှင့် ၎င်း၏ မဟာမိတ်တပ်ဖွဲ့များက ကျူးလွန် ချိုးဖောက်သည့် လူ့အခွင့်အရေး ပြစ်မှုများအတွက် လူထု၏ မျက်မြင်သက်သေအဖြစ် ထွက်ဆိုပေးရန်။ အထူးသဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး စီမံချက်များကို အကြောင်းပြု၍ ဆောင်ရွက်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ပေးရန်၊ အကယ်၍ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်တည်ရှိနေပါက ၎င်းအစီအစဉ်များသို့ ထောက်ခံ ပံ့ပိုးပေးနေမှုများကို ရပ်ဆိုင်းပေးပါရန်။

**မူးယစ်ဆေးဝါး ပပျောက်စေရေးနှင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးစွဲလူထုများအတွက် ကူညီမှုများ ပြုနေကြသော ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အလှူရှင် နိုင်ငံများအနေနှင့်–**

- ဤအစီအစဉ်များနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သည့် ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ပါရန်။ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းရာတွင် ၎င်းအစီအစဉ် များ ရေရှည်တည်တံ့နိုင်မှုနှင့် ထိရောက်မှုကို ပြန်လည် စိစစ်ပါရန်။ အထူး သဖြင့် မကြာသေးမီက ကိုးကန့်ဒေသတွင် ဖြစ်ပွားခဲ့သည့် စစ်အစိုးရ၏ စစ်ဆင်ရေးများနှင့် လူ့အခွင့်အရေး ချိုး ဖောက်မှုများ နမူနာယူ၍ မူးယစ်ဆေးဝါးနှိမ်နင်းရေး စီမံချက် ဆောင်ရွက်ရာ ဒေသများတွင် လည်း အလားတူ ဆောင်ရွက်ကြလိမ့်မည်ကို သိသာသဘောပေါက်နိုင်ပါသည်။ ထိရောက်မှု မရှိသည့် အစီအစဉ်များအတွက် ရန်ပုံငွေ ပံ့ပိုးပေး နေမှုများကို ပြန်လည် စဉ်းစားသုံးသပ်ပါရန်။

## နိုင်ငံတကာ မိသားစုအနေနှင့်

- မြန်မာစစ်အစိုးရအနေနှင့် ၎င်းထိန်းချုပ်ထားရာ ဒေသများအတွင်း၌ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် မူးယစ်ဆေးဖြန့်ဝေမှု များအပေါ် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ရန် ပျက်ကွက်နေခြင်းအပေါ် မေးခွန်းထုတ် ဖိအားပေးပါရန်။
- တိုင်းရင်းသားဒေသများအတွင်း ပြည်သူ့စစ်များ တိုးချဲ့ဖွဲ့စည်းနေသည့် စစ်အစိုးရ၏ မဟာဗျူဟာအပေါ် မေးခွန်း ထုတ်ကြပါရန်နှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည့်အစား စစ်ဘုရင်ဝါဒကို တွန်းအား ပေးနေသည့် စစ်အစိုးရ၏ လုပ်ရပ်ကိုလည်း မေးခွန်းထုတ် ဖိအားပေးကြပါရန်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပြဿနာ ပိုမိုကြီးထွားလာစေပါသည်။
- တနိုင်ငံလုံး အတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးနှင့် မြန်မာနိုင်ငံတွင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရန် ပထမဦးဆုံး ခြေလှမ်းအနေနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးကြရန် အတွက် မြန်မာစစ်အစိုးရအပေါ် ဖိအားပေးကြပါရန်၊ ဤနည်းသည်သာ မြန်မာနိုင်ငံတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်မည့် တခုတည်းသော နည်းလမ်း ဖြစ်ကြောင်း တိုက်တွန်း အကြံပြုအပ်ပါသည်။

## ကိုးကားချက်များ


1) Lintner, Bertil and Black, Michael, *Merchants of Madness. The Methamphetamine Explosion in the Golden Triangle*, Chiang Mai: Silkworm, 2009.

၁) (ဘာတေးလ် လင့်တနာ။ အရူးရောဂါ ကုန်သွယ်သူများ၊ ရွှေတြိဂံဒေသတွင် မီသာအမ်ဖီတမင်း ထုတ်လုပ်မှု ပေါက်ကွဲတိုးတက်လာခြင်း။)

2) Chin, Ko-Lin, *The Golden Triangle. Inside Southeast Asia's Drug Trade*, Ithaca: Cornell University Press, 2009, Chin, Ko-Lin and Zhang, Sheldon X., *The Chinese Connection: Cross Border Drug Trafficking between Myanmar and China*, Washington DC: Department of Justice, Document 218254, April 2007, "Beijing tells Rangoon to curb drug trafficking", *Agence France-Presse*, February 2, 2006.

၂) (ကိုလင်းချင်၊ ရွှေတြိဂံဒေသ၊ အရှေ့တောင်အာရှ မူးယစ်ဆေးဝါးကုန်သွယ် ရောင်းဝယ်မှု၏ အတွင်းရေး) နှင့် (ကိုလင်းချင်နှင့် ရှယ်လ်ဒန် အိပ်ဂ်ဇ် ဇန်း။ တရုတ်၏

ဆက်နွယ်ပတ်သက်နေမှု၊ မြန်မာနှင့် တရုတ်နိုင်ငံ အကြား နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါး ကုန်သွယ်မှု)။ (တရားရေးဌာန၏ မှတ်တမ်း၊ ဝါရှင်တန်ဒီစီ။ ဘေဂျင်းအစိုးရက ရန်ကုန်ကို မူးယစ်ဆေးဝါး ကုန်သွယ်မှု လျှော့ချရန် ပြောဆိုနေခြင်း။)

**3)Shan Herald Agency for News, *Show Business. Rangoon's 'War on Drugs' in Shan State*, Chiang Mai: SHAN, December 2003, Shan Herald Agency for News, *Hand in Glove. The Burma Army and the drug trade in Shan State*, Chiang Mai: SHAN, September 2006.**

၃) (ရှမ်းသံတော်ဆင့် သတင်းဌာန။ ဟန်ပြပွဲ၊ ရှမ်းပြည်နယ်အတွင်း ရန်ကုန် စစ်အစိုးရ၏ မူးယစ်ဆေးဝါး တိုက်ဖျက် ရေးစစ်ပွဲ) ၂၀၀၃ နှင့် (လက်အိပ်စွပ်ထားသည့် လက်။ မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါး ကုန်သွယ်မှု) ၂၀၀၆ ခုနှစ် အစီရင်ခံစာများ)

**4) Alternative ASEAN Network on Burma, *A Failing Grade. Burma's Drug Eradication Efforts*, Bangkok: ALTSEAN, November 2004, Yawnghwe, Chao-Tzang, "Shan State Politics: The Opium-Heroin Factor", in Martin Jelsma, Tom Kramer, Pietje Vervest, *Trouble in the Triangle. Opium and Conflict in Burma*, Chiang Mai: Silkworm Books, 2005, pp.23-32.**

၄) မြန်မာနိုင်ငံရေးရာ စင်ပြိုင်အာဆီယံ အဖွဲ့။  နိမ့်ကျလာနေသော အမှတ်ပေး အဆင့်အတန်း။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းမှု) နှင့် ကျောက်ဇန်း၏ "ရှမ်းပြည်နယ် နိုင်ငံရေး၊ ဘိန်း–ဘိန်းဖြူ၏ ကဏ္ဍ။")

**5) Storey, Ian, "Emerging Fault Lines in Sino-Burmese Relations: The Kokang Incident", *China Brief*, 9, (18), September 10, 2009.**

၅) အီယန် စတိုရေး၊ တရုတ်–မြန်မာ ဆက်ဆံရေးတွင် အက်ကြောင်းပေါ်လာခြင်း။ ကိုးကန့်အရေး)

၆) **SHAN, *Hand in Glove*, 2006.**

၆) ရှမ်းသံတော်ဆင့်။ လက်အိပ်စွပ်ထားသည့် လက်။ မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါး ကုန်သွယ်မှု) ၂၀၀၆။

၇) ပလောင်လွတ်မြောက်ရေး တပ်ဦး၊ ပလောင်အမျိုးသမီးအစည်းအရုံးနှင့် တအာင်းလူငယ်နှင့်ကျောင်းသားများသည် ဩဂုတ်လ ၂၀၀၉ခုနှစ်တွင် ထုတ်ထားသော လက်ဖက်ဖျက်ပိုးအစီရင်ခံစာ

8) Internal Audit Division, *Audit Report: UNODC Myanmar Country Office*, United Nations Office of Internal Oversight Services, Assignment No.AE2007/365/03, August 29, 2008.
၈) (အတွင်း စာရင်းစစ်ဌာန၏ အစီရင်ခံစာ။ မြန်မာဌာနေရုံး)

နောက်ဆက်တွဲ (၁)

ဘိန်းစိုက်ပျိုးမှုအပေါ် အကဲဖြတ်ချက် အသေးစိတ်အချက်အလက်များ

မန်တုန်ဒေသ ၂၀၀၆–၂၀၀၇ စိုက်ရာသီ

| စဉ် | ကျေးရွာ | ဘိန်းစိုက်ကေပေါင်း | စုစုပေါင်းဖျက်ဆီးသောကေ | မဖျက်ဆီးဘဲကျန်နေသောကေ |
|---|---|---|---|---|
| ၁ | PK (MM) | ၈၀ အထက် | – | ၈၀ အထက် |
| ၂ | LSK | ၁၅ | – | ၁၅ |
| ၃ | LK | ၁၀ | – | ၁၀ |
| ၄ | HH | ၃၀ | – | ၃၀ |
| ၅ | HoT | ၈၀ | ၃၀ | ၅၀ |
| ၆ | KT | ၁၀၀ | – | ၁၀၀ |
| ၇ | KS | ၁၅၀ | ၁၀၀ | ၅၀ |
| ၈ | Htong | ၈၀ အထက် | – | ၈၀ |
| ၉ | LK | ၅၀၀ အထက် | – | ၅၀၀ |
| ၁၀ | PT | ၂၀ | – | ၂၀ |
| ၁၁ | LMT | ၂၀ | – | ၂၀ |
| ၁၂ | LM | ၅ | – | ၅ |
| ၁၃ | NS | ၄၀ အထက် | – | ၄၀ အထက် |
| ၁၄ | HoS | ၂၀ | | ၂၀ |
| ၁၅ | MHJ | ၂၀၀ | ၁၅၀ | ၅၀ |
| ၁၆ | KK | ၂၀၀ | ၁၀၀ | ၁၀၀ |
| ၁၇ | KM | ၃၀ | – | ၃၀ |
| ၁၈ | LKT | ၃၀၀ | ၁၅၀ | ၁၅၀ |
| ၁၉ | NS | ၄၀ | – | ၄၀ |
| ၂၀ | PKG&PKT | ၁၅၀ | ၆၀ | ၉၀ |
| ၂၀ | TM | ၁၀ | ၆ | ၄ |
| ၂၂ | SL | ၄၀ အထက် | ၆ | ၃၄ |
| ၂၃ | MM | ၃၀ အထက် | ၁၀ | ၂၀ |
| ၂၄ | MM | ၃၀ | – | ၃၀ |
| | စုစုပေါင်း | ၂,၁၈၀ အထက်ကေ = ၈၈၂ ဟက်တာ | ၆၁၂ ကေ = ၂၄၈ ဟက်တာ | ၁,၅၆၈အထက် ကေ =၆၃၅အထက် ဟက်တာ |

## ၂၀၀၇–၂၀၀၈ စိုက်ရာသီ

| စဉ် | ကျေးရွာ | ဘိန်းစိုက် ဧကပေါင်း | စုစုပေါင်း ဖျက်ဆီးသော ဧက | မဖျက်ဆီးဘဲ ကျန်နေသော ဧက | အာဏာပိုင်များထံ လာဘ်ပေးရငွေ စုစုပေါင်း(ကျပ်ဖြင့်) |
|---|---|---|---|---|---|
| ၁ | PK | ၁၀၀ | ၅၀ | ၅၀ | |
| ၂ | LSK | ၁၅ | | ၁၅ | |
| ၃ | LK | ၁၅ | | ၁၅ | |
| ၄ | HH | ၅၀ | ၁၀ | ၄၀ | ၆၀၀,၀၀၀ |
| ၅ | HoT | ၅၀ | | ၅၀ | ၅၀,၀၀၀ |
| ၆ | KT | ၁၀၀ | | ၁၀၀ | |
| ၇ | KS | ၁၀၀ | ၃၀ | ၇၀ | ၂၅၀,၀၀၀ |
| ၈ | Htong | ၁၀၀ | ၄၀ | ၆၀ | ၃,၆၀၀,၀၀၀ |
| ၉ | LK | ၇၀၀ | ၃၀၀ | ၄၀၀ | ၄,၆၀၀,၀၀၀ |
| ၁၀ | KK | ၂၀၀ | ၅၀ | ၁၅၀ | ၄,၀၀၀,၀၀၀ |
| ၁၁ | KM | ၅၀ | ၂၀ | ၃၀ | ၁,၀၀၀,၀၀၀ |
| ၁၂ | NS | ၅၀ | | ၅၀ | |
| ၁၃ | PKG&PKT | ၂၀၀ | ၁၆၀ | ၄၀ | |
| ၁၄ | PK | ၄၀ | | ၄၀ | ၃,၅၀၀,၀၀၀ |
| ၁၅ | MM (TT) | ၁၀၀ | | ၁၀၀ | ၄,၈၀၀,၀၀၀ |
| ၁၆ | MM | ၃၅ | ၁၆ | ၁၉ | ၂,၅၀၀,၀၀၀ |
| ၁၇ | KM(LK) | ၃၀ | | ၃၀ | |
| ၁၈ | SL | ၆၀ | ၁၀ | ၅၀ | ၈၀၀,၀၀၀ |
| ၁၉ | HL | ၂၀ | | ၂၀ | ၈၀၀,၀၀၀ |
| ၂၀ | JP | ၂ | | ၂ | ၄၀၀,၀၀၀ |
| ၂၁ | WP | ၂ | | ၂ | ၄၅၀,၀၀၀ |
| ၂၂ | LS | ၃၀ | ၁၀ | ၂၀ | ၁,၁၀၀,၀၀၀ |
| ၂၃ | NOL | ၃၀ | | ၃၀ | ၂၅၀,၀၀၀ |
| ၂၄ | MS | ၁၂၀ | | ၁၂၀ | |
| ၂၅ | MK | – | – | – | ၁၀၀,၀၀၀ |
| ၂၆ | NP | – | – | – | ၈၀,၀၀၀ |
| ၂၇ | LK | ၁၅ | | ၁၅ | |

| | | | | | |
|---|---|---|---|---|---|
| ၂၈ | NOG | – | – | – | ၅၀,၀၀၀ |
| ၂၉ | MM | ၄၀ | ၁၀ | ၃၀ | ၂၅၀,၀၀၀ |
| ၃၀ | TK | – | – | – | ၂၅၀,၀၀၀ |
| ၃၁ | TK(LS) | – | – | – | ၆၀,၀၀၀ |
| ၃၂ | SL | ၁၅ | | ၁၅ | ၂၉၀,၀၀၀ |
| ၃၃ | PC | ၃ | | ၃ | |
| ၃၄ | MT (LK) | ၃၀ | ၅ | ၂၅ | ၃,၅၀၀,၀၀၀ |
| ၃၅ | PKN | ၃၇ | | ၃၇ | ၃၀၀,၀၀၀ |
| ၃၆ | MW | ၁၅၀ | | ၁၅၀ | ၃,၃၀၀,၀၀၀ |
| ၃၇ | MW | – | – | – | ၅၀,၀၀၀ |
| ၃၈ | MhoJ | ၁၀၀ | | ၁၀၀ | |
| ၃၉ | LKT | ၄၀၀ | | ၄၀၀ | |
| ၄၀ | TM | ၉၀ | | ၉၀ | |
| ၄၁ | TN (PS) | ၁၀ | | ၁၀ | ၁၀၀,၀၀၀ |
| | စုစုပေါင်း | ၃,၀၈၉ ကေ = ၁,၂၅၀ ဟက်တာ | ၇၁၁ ကေ = ၂၈၈ ဟက်တာ | ၂,၃၇၈ ကေ = ၉၆၂ ဟက်တာ | ၃၇,၀၃၀,၀၀၀ |

## ၂၀၀၇–၂၀၀၈ စိုက်ရာသီ

| စဉ် | ကျေးရွာ | ဘိန်းစိုက်ကေပေါင်း | စုစုပေါင်းဖျက်ဆီးသောကေ | မဖျက်ဆီးဘဲကျန်နေသောကေ |
|---|---|---|---|---|
| ၁ | PK (MM) | ၂၇၀ | ၁၀၀ | ၁၇၀ |
| ၂ | LSK | ၁၅ | | ၁၅ |
| ၃ | LK | ၂၀ | – | ၂၀ |
| ၄ | HH | ၇၀ | – | ၇၀ |
| ၅ | HoT | ၆၅ | – | ၆၅ |
| ၆ | KT | ၁၃၀ | – | ၁၃၀ |
| ၇ | KS | ၃၅၀ | ၁၀၀ | ၂၅၀ |
| ၈ | Htong | ၆၈ | ၂၆ | ၄၂ |
| ၉ | LK | ၈၀၀ | – | ၈၀၀ |
| ၁၀ | LMT | ၂၅ | – | ၂၅ |

| | | | | |
|---|---|---|---|---|
| ၁၁ | MHJ | ၅၆၀ | ၁၆၀ | ၄၀၀ |
| ၁၂ | PT | ၃၀ | – | ၃၀ |
| ၁၃ | KK | ၄၇၀ | ၁၀၀ | ၃၇၀ |
| ၁၄ | LKT | ၅၇၀ | ၁၀၀ | ၄၇၀ |
| ၁၅ | LM | ၃၀ | – | ၃၀ |
| ၁၆ | HS | ၈၀ | – | ၈၀ |
| ၁၇ | NS | ၇၅ | – | ၇၅ |
| ၁၈ | PKG&PKT | ၈၅၀ | ၃၀၀ | ၅၅၀ |
| ၁၉ | TM | ၁၉၀ | – | ၁၉၀ |
| ၂၀ | PK | ၈၀ | – | ၈၀ |
| ၂၀ | MM | ၁၁၀ | – | ၁၁၀ |
| ၂၂ | SL | ၁၀၀ | – | ၁၀၀ |
| ၂၃ | HL | ၃၀ | – | ၃၀ |
| ၂၄ | JP | ၃၀ | – | ၃၀ |
| ၂၅ | WP | ၄၀ | – | ၄၀ |
| ၂၆ | LS | ၁၆၀ | ၆၀ | ၁၀၀ |
| ၂၇ | NOL | ၁၀၀ | – | ၁၀၀ |
| ၂၈ | MS | ၁၅၀ | – | ၁၅၀ |
| ၂၉ | MK | ၄၀ | – | ၄၀ |
| ၃၀ | NP | ၃၀ | ၁၅ | ၁၅ |
| ၃၁ | LK | ၁၅ | – | ၁၅ |
| ၃၂ | NOG | ၉၀ | – | ၉၀ |
| ၃၃ | MM | ၅၀ | – | ၅၀ |
| ၃၄ | TK | ၁၈၀ | ၁၀၀ | ၈၀ |
| ၃၅ | TK (LS) | ၉၀ | ၄၀ | ၅၀ |
| ၃၆ | HT | ၁၇၀ | – | ၁၇၀ |
| ၃၇ | SL | ၄၀ | – | ၄၀ |
| ၃၈ | PC | ၁၀ | – | ၁၀ |
| ၃၉ | MT(LK) | ၅၀ | ၁၀ | ၄၀ |
| ၄၀ | HoP | ၄၇ | – | ၄၇ |
| ၄၁ | NK | ၈၅ | – | ၈၅ |

| | | | | |
|---|---|---|---|---|
| ၄၂ | PK | ၁၂၅ | – | ၁၂၅ |
| ၄၃ | NS | ၇၅ | – | ၇၅ |
| ၄၄ | KY | ၈၈ | – | ၈၈ |
| ၄၅ | PKN | ၁၃၀ | – | ၁၃၀ |
| ၄၆ | MW | ၆၂၇ | ၃၀ | ၅၅၇ |
| ၄၇ | WK | ၁၃၀ | – | ၁၃၀ |
| ၄၈ | KKY | ၅၆၀ | – | ၅၆၀ |
| ၄၉ | KLS | ၂၈၀ | – | ၂၈၀ |
| ၅၀ | MS | ၄၂၀ | – | ၄၂၀ |
| ၅၁ | PS | ၂၀၀ | – | ၂၀၀ |
| ၅၂ | TN (PS) | ၄၀၀ | – | ၄၀၀ |
| ၅၃ | PY | ၂၅၀ | – | ၂၅၀ |
| ၅၄ | TL | ၃၀ | – | ၃၀ |
| ၅၅ | WK | ၃၀ | – | ၃၀ |
| ၅၆ | PK | ၁၅ | – | ၁၅ |
| ၅၇ | PL(NJ) | ၈၅ | ၃၀ | ၅၅ |
| ၅၈ | TP | ၆၅ | ၄၀ | ၂၅ |
| ၅၉ | LS | ၇၅ | ၆ | ၆၉ |
| ၆၀ | TP | ၄၅ | – | ၄၅ |
| ၆၁ | TK | ၈၅ | ၅ | ၈၀ |
| ၆၂ | TH | ၂၅ | ၂၅ | ၀ |
| ၆၃ | MW | ၁၀ | – | ၁၀ |
| ၆၄ | LN | ၈၀ | ၃၀ | ၅၀ |
| ၆၅ | NR | ၁၂၀ | ၅၀ | ၇၀ |
| ၆၆ | LK | ၃၀ | – | ၃၀ |
| ၆၇ | HoH | ၅ | – | ၅ |
| ၆၈ | NKL | ၇၀ | ၅၀ | ၂၀ |
| ၆၉ | ML | ၃၉ | – | ၃၉ |
| ၇၀ | LK | ၈၀ | – | ၈၀ |
| ၇၁ | KM | ၈၅ | – | ၈၅ |
| ၇၂ | HoL | ၁၂၀ | – | ၁၂၀ |

## ၂၀၀၇-၂၀၀၈ စိုက်ရာသီ

| စဉ် | ကျေးရွာ | စုစုပေါင်း ဘိန်းစိုက်ဧက | စုစုပေါင်း ဖျက်ဆီးသောဧက |
|---|---|---|---|
| ၁ | PS | ၇၀၀ | – |
| ၂ | SK | ၈၀ အထက် | – |
| ၃ | TG | ၆၀ | – |
| ၅ | NSR | ၄၀ အထက် | – |
| ၆ | MW | ၅၀ | – |
| ၇ | MS | ၃၀ အထက် | – |
| ၈ | NS | ၁၅ အထက် | – |
| ၉ | MP | ၅၀ အထက် | – |
| ၁၀ | TH | ၂၅ အထက် | – |
| ၁၁ | SK | ၅၀ | – |
| ၁၂ | WLu | ၂၀ အထက် | – |
| ၁၃ | KK | ၂၀ | – |
| ၁၄ | PY | ၁၅ | – |
| ၁၅ | ST (အထက်နှင့် အောက်) | ၄၀ | – |
| ၁၆ | PP | ၃၀ | – |
| | စုစုပေါင်း | ၁,၂၂၅ ဧက = ၄၉၆ ဟက်တာ | – |

## ၂၀၀၈–၂၀၀၉ စိုက်ရာသီ

| စဉ် | ကျေးရွာ | စုစုပေါင်း ဘိန်းစိုက်ဧက | စုစုပေါင်း ဖျက်ဆီးသောဧက |
|---|---|---|---|
| ၁ | PS | ၈၀၀ အထက် | – |
| ၂ | SK | ၁၀၀ | – |
| ၃ | TG | ၈၀ | – |
| ၅ | NSR | ၆၀ | – |
| ၆ | MW | ၇၀ အထက် | – |
| ၇ | MS | ၆၀ အထက် | – |
| ၈ | NS | ၃၀ | – |
| ၉ | MP | ၆၀ | ၁၀ |
| ၁၀ | TH | ၄၀ အထက် | – |
| ၁၁ | SK | ၆၀ | – |
| ၁၂ | WLu | ၃၀ | – |
| ၁၃ | KK | ၃၀ | – |
| ၁၄ | PY | ၁၅ | – |
| ၁၅ | ST (အထက်နှင့် အောက်) | ၅၀ အထက် | – |
| ၁၆ | PP | ၅၀ | – |
| | စုစုပေါင်း | ၁,၅၃၅ ဧက အထက် = ၆၂၀ ဟက်တာ | ၁၀ ဧက = ၄ ဟက်တာ |

## နောက်ဆက်တွဲ (၂)

## ဘိန်းခင်းများ ဖျက်ဆီးခြင်းအတွက် ရဲအစီရင်ခံစာ

မှတ်ပုံတင်ကြေးနန်းပုံစံ အစား

နယ်(မယ)

ပမို ရာဝ(မြောက်)၊ ရာဝ(ဒ၅)၊ ကခရ၊ ခမရ၊ မကရ၊ ဒကရ၊ ကယ

၁ ဦး၄ မယ ၈

(၁) ၂၀၀၆-၂၀၀၇ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း လိပ်မူပါ ပြည်နယ်/တိုင်းများမှ ပေးပို့လာသည့် ဘိန်းခင်း တွေ့ရှိစိုက်ပျိုးဖျက်ဆီးမှု ကနေ့ များအရ နယ(မယ)တွင် စာရင်းပေးသွင်းမှတ်တမ်းထားရှိ

(၂) အဆိုပါ ဘိန်းခင်းတွေ့ရှိစိုက်ပျိုးဖျက်ဆီးမှုစာရင်းချုပ်ကို ဆိုက်ဆိုင်ဝင်စေရေး အတွက်ပြုရန် ဘိန်းစိုက်ရာသီ ကုန်ဆုံးသည့် ၀၇ ဖြ ၃၀ ရက်နေ့အထိ လိပ်မူပါ ပြည်နယ်/တိုင်းမှ ၊မှ ပြည်နယ်အလိုက် ဘိန်းခင်း တွေ့ရှိ စိုက်ပျိုးဖျက်ဆီးမှုစာရင်းနှင့်အတူ အောက်ပါအချက်များဖြင့် ပြင်ဆင်ပြုစု၍ ၀၇ ဧပြီ ၁၅ရက်နေ့ အရောက် နယ(မယ)သို့ ပေးပို့ရန် အကြောင်းကြား-

(က) စဉ်

(ခ) ပြည်နယ်

(ဂ) ကျေးရွာ မြေပုံညွှန်း

(ဃ) ဘိန်းခင်းဖျက်ဆီးသည့်နေ့ရက်

(င) ဘိန်းခင်းဖျက်ဆီးသည့်အဖွဲ့အစည်း

(စ) တွေ့ရှိစိုက်ပျိုးဧက

(ဆ) ဖျက်ဆီးဧက

(ဇ) စုစုပေါင်းဧက

(ဈ) နယ(မယ)သို့ ပေးပို့ခဲ့သည့် ကနေ့/စာအမှတ်နှင့်ရက်စွဲ

ပေးပို့ပုံပေးပို့နည်း

ဦးစားပေးအဆင့်အတန်း

ဒုတိယညွှန်ကြားရေးမှူး (တားဆီးနှိမ်နင်းရေး)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တားဆီးကာကွယ်ရေးဌာန

စာအမှတ် [illegible] / ၄၄၉ / ဦး ၄

ရက်စွဲ ၂၀၀၇ ခုနှစ်၊ ဖြေ [illegible] ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့

၂၀၀၆–၂၀၀၇ ခုနှစ် ဘိန်းစိုက်ဧရိယာအတွင်း ဘိန်းခင်းတွေ့ရှိ [illegible]

| စဉ် | မြို့နယ် | ကျေးရွာ | မြေပုံညွှန်း | ဖျက်ဆီးသည့်နေ့ | ဘိန်းခင်းဖျက်ဆီးသည့်အဖွဲ့အစည်း | ဆော [illegible] တွေ့ရှိ [illegible] |
|---|---|---|---|---|---|---|
| ၁ | မိုးမိတ် | ရွှေညောင်ပင်ရွာ | S- ၅၃ ၈၁၁ | ၁၈. ၁၀. ၀၀၆ | [illegible] | |
| ၂ | မိုးမိတ် | | | | | |
| ၃ | မိုးမိတ် | | | | | |
| [illegible] | [illegible] | | | | | |
| ၅ | မိုင်းရယ် | | | | | |
| ၆ | မိုင်းရယ် | | | | | |
| ၇ | [illegible] | | | | | |
| ၈ | မိုင်းရယ် | | | | | |
| ၉ | မန်တုံ | | | | | |
| ၁၀ | မိုင်းငေါ့ | | | | | |
| ၁၁ | နမ့်ခမ်း | | | | | |
| ၁၂ | တန့်ယန်း | | | | | |
| ၁၃ | တန့်ယန်း | | | | | |
| ၁၄ | တန့်ယန်း | | | | | |
| ၁၅ | တန့်ယန်း | | | | | |
| ၁၆ | မန်တုံ | | | | | |
| ၁၇ | တန့်ယန်း | | | | | |
| ၁၈ | တန့်ယန်း | | | | | |
| ၁၉ | ကွတ်ခိုင် | | | | | |

| စဉ် | မြို့နယ် | ကျေးရွာ | မြေပုံညွှန်း | ဖျက်ဆီးသည့်နေ့ |
|---|---|---|---|---|
| ၂၀ | ကျောက်မဲ | လွယ်ဆင့် | S-၆၆၅၄ ၂၇ | ၂၅. ၁၁. ၀၆ |
| ၂၁ | နမ့်ခမ်း | ပန်ဈော် | O-၄၇၁၃၆ ၂ | ၂၂. ၁၁. ၀၆ |
| [illegible] | [illegible] | [illegible] | | |
| ၂၃ | နမ့်ခမ်း | [illegible] | | |
| ၂၄ | ကွတ်ခိုင် | [illegible] | | |
| ၂၅ | ကွတ်ခိုင် | [illegible] | | |
| ၂၆ | ကွတ်ခိုင် | [illegible] | | |
| ၂၇ | ကွတ်ခိုင် | [illegible] | | |
| ၂၈ | ကွတ်ခိုင် | [illegible] | | |
| ၂၉ | ကွတ်ခိုင် | [illegible] | | |
| ၃၀ | ကွတ်ခိုင် | [illegible] | | |
| ၃၁ | နမ့်ခမ်း | [illegible] | | |
| ၃၂ | နမ့်ခမ်း | [illegible] | | |
| ၃၃ | မန်တုံ | [illegible] | | |
| ၃၄ | မန်တုံ | [illegible] | | |
| ၃၅ | မန်တုံ | [illegible] | | |
| ၃၆ | မန်တုံ | [illegible] | | |

| စဉ် | မြို့နယ် | ကျေးရွာ | [illegible] |
|---|---|---|---|
| ၃၇ | မန်တုံ | မန်ပြိန်း | O- |
| ၃၈ | မန်တုံ | မန်ပြိန်း | O- |
| ၃၉ | မန်တုံ | မန်ပြိန်း | O- |
| ၄၀ | မန်တုံ | မန်ပြိန်း | T- |
| ၄၁ | မန်တုံ | မန်ပြိန်း | T- |
| ၄၂ | မိုင်းရယ် | မန်ဖြတ် | H- |
| ၄၃ | နမ့်ခမ်း | မန်ပူး | O- |
| ၄၄ | တန့်ယန်း | လွယ်ဆေး | D- |
| ၄၅ | တန့်ယန်း | လွယ်ဆေး | D- |
| ၄၆ | တန့်ယန်း | လွယ်ဆေး | D- |
| ၄၇ | တန့်ယန်း | လွယ်ဆေး | T- |
| ၄၈ | ကွတ်ခိုင် | နမ့်ငွန်း | E- |
| ၄၉ | မန်တုံ | မန်ဟူး | |
| ၅၀ | မိုးမိတ် | ဟင်းခုတ် | S- |
| ၅၁ | တန့်ယန်း | ဟင်းခုတ် | D- |
| ၅၂ | နမ့်ဆန် | ဟူးမန် | S- |
| ၅၃ | တန့်ယန်း | နောင်မား | J- |

| ...ရှက်ချက် | | စုစုပေါင်း | နရဓသို့ပေးပို့သည့် |
|---|---|---|---|
| | ဖျက်ဆီးခဲ့က | ခဲ့က | ကနအမှတ် |

၂

| ...ိန်းခင်းဖျက်ဆီး ...ည့်အဖွဲ့အစည်း | ဆောင်ရွက်ချက် | | စုစုပေါင်း | နရဓသို့ပေးပို့သည့် |
|---|---|---|---|---|
| | တွေ့ရှိခဲ့က | ဖျက်ဆီးခဲ့က | ခဲ့က | ကနအမှတ် |
| ...ပ်/ရဲပူးပေါင်း | ၀.၂၅ | ၀.၂၅ | ၀.၂၅ | ၅၀ ဦး ၄/၂၇၁၇၅၀ |
| ...ပ်/ရဲပူးပေါင်း | ၃.၂၅ | ၃.၂၅ | ၃.၂၅ | ၁ ဦး ၄/၇၀၁၀၀၀ |

၃

| ...ိုဒ်အမှတ်? | ဖျက်ဆီးသည့်နေ့ | ဘိန်းခင်းဖျက်ဆီးသည့်အဖွဲ့အစည်း | ဆောင်ရွက်ချက် | | စုစုပေါင်း | နရဓသို့ပေးပို့သည့် |
|---|---|---|---|---|---|---|
| | | | တွေ့ရှိခဲ့က | ဖျက်ဆီးခဲ့က | ခဲ့က | ကနအမှတ် |
| ၄၂၂၆ | ၂၇.၁၁.၀၆ | တပ်/ရဲပူးပေါင်း | ၂.၂ | ၂.၂ | ၂.၂ | ၅၀ ဦး ၄/၁၁၁၇၀၀ |
| ၀၂၃၈ | ၂၈.၁၁.၀၆ | တပ်/ရဲပူးပေါင်း | ၂၆.၇ | ၂၆. | ၂၆.၇ | ၅၀ ဦး ၄/[illegible] |
| ၁၂၉၁ | ၂၇.၁၁.၀၆ | တပ်/ရဲပူးပေါင်း | ၆၄ | ၆၄ | ၆၄ | ၅၀ ဦး ၄/၁၁၁၇၀၀ |
| ၅၈၈၅ | ၂၇.၁၁.၀၆ | တပ်/ရဲပူးပေါင်း | ၃.၅ | ၃.[illegible] | ၃.၅ | ၅၀ ဦး ၄/၁၁၁၇၀၀ |
| ၁၉၅ | ၂၈.၁၁.၀၆ | တပ်/ရဲပူးပေါင်း | ၃.၇ | ၃. | ၃.၇ | ၅၀ ဦး ၄/[illegible] |
| ၅၈၂၂ | ၁၅.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၂ | ၂ | ၂ | ၆၀ ဦး ၄/၁၆၀၇၂၀ |
| ၆၀၆၄ | ၉.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၂ | ၂ | ၂ | ၁ ဦး ၄/၀၅၁၃၃၀ |
| ၉၀၅၃ | ၁၈.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၁၀ | ၁၀ | ၁၀ | ၂ ဦး ၄/၂၁၀၅၁၅ |
| ၃၀၇၆ | ၁၉.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၃ | ၃ | ၃ | ၂ ဦး ၄/၂၇၀၉၄၅ |
| ၂၀၅၈ | ၂၀.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၆ | ၆ | ၆ | ၂ ဦး ၄/၂၇၀၉၄၅ |
| ၅၀၅၀ | ၂၁.၁၂.၀၇ | တပ်/ရဲပူးပေါင်း | ၅ | ၅ | ၅ | ၂ ဦး ၄/၂၇၀၉၄၅ |
| ၉၆၆၈ | ၂၇.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၃.၅ | ၃.၅ | ၃.၅ | ၅၁ ဦး ၄/၂၇၂၁၂၅ |
| | ၂၈.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၃.၀၅ | ၃.၀၅ | ၃.၀၅ | ၄ ဦး ၄/၀၂၁၁၃၀ |
| ၅၅၂၂ | ၃၁.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၁.၈ | ၁.၈ | ၁.၈ | ၅၀ ဦး ၄/၀၄၁၄၀၀ |
| ၉၁၂၂ | ၂၇.၁၂.၀၆ | တပ်/ရဲပူးပေါင်း | ၃ | ၃ | ၃ | ၅၁ ဦး ၄/၀၇၁၄၁၅ |
| ၅၆၉၅ | ၃.၁.၀၇ | တပ်/ရဲပူးပေါင်း | ၁.၅ | ၁.၅ | ၁.၅ | ၅၁ ဦး ၄/၀၇၁၄၁၅ |
| ၄၂၇ | ၈.၁.၀၇ | တပ်/ရဲပူးပေါင်း | ၅ | ၅ | ၅ | ၂ ဦး ၄/၁၁၁၅၄၀ |
| ...း | | | ၁၄၅.၉၅ | ၁၄[illegible] | ၁၄၆ | |

## ကျေးဇူးတင်လွှာ

- ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြသော အမျိုးသမီးများ၊ ယခင် စစ်သားဟောင်းများနှင့် အခြားရပ်ရွာမှ ပြည်သူများကို အထူးကျေးဇူးတင်ရှိပါသည်။ ထိုသူများက သတ္တိပြောင်မြောက်စွာ ဤအစီရင်ခံစာအတွက် အချက်အလက်များ ဖွင့်ဟသက်သေ ထွက်ခဲ့ကြသလို၊ သူတို့၏ လုပ်အားနှင့် အချိန်များစွာပေး၍ ဆောင်ရွက်ပေးခဲ့ကြပါသည်။
- ထို့အပြင် ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ကြသည့် **(Burma Institute for Democracy and Development—BID)** ၊ **(Open Society Institute—OSI)** နှင့် **(Burma Relief Centre —BRC)** တို့ကိုလည်း အထူး ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။
- မြန်မာပြည်အရေး စေတနာ့ဝန်ထမ်း အစီအစဉ် **(Burma Volunteer Program)** မှ ရှန်နန် **(Shannon)** နှင့် **(American Jewish World Service)** မှ အက်လန်နာ **(Ilana)** တို့ကိုလည်း စေတနာ့ဝန်ထမ်းဖြင့် ဤအစီရင်ခံစာကို ဘာသာပြန်ခြင်းကို တည်းဖြတ်ပေးသည့်အတွက် ကျေးဇူးတင်ရှိ ကြောင်း မှတ်တမ်းတင်လိုပါသည်။
- ပလောင်အမျိုးသမီး အစည်းအရုံး၏ သတင်းနှင့် မှတ်တမ်းစုဆောင်းရေးဌာနတခုလုံးနှင့် ဤအစီရင်ခံစာ ပြင်ဆင်ရေးသားရာတွင် ပါဝင်ခဲ့ကြသည့် အဖွဲ့ဝင်များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။
- တာအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး **(TSYO)**၊ ပလောင်ပြည်သူ့ လွတ်မြောက်ရေး တပ်ဦး **(PSLF)** နှင့် အခြေခံ ကျေးလက်လူထုများနှင့် ထိတွေ့နိုင်အောင်၊ ဤအစီရင်ခံစာအတွက် တန်ဖိုးမဖြတ်နိုင်သည့် သတင်း အချက် အလက်များ ရရှိနိုင်အောင်၊ ကိုယ်ရောစိတ်ပါ ကူညီပေးခဲ့ကြသည့် ပလောင်ပြည်သူများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုပါသည်။
- နောက်ဆုံးအနေနှင့် ဤအစီရင်ခံစာတွင် အသုံးပြုဖော်ပြနိုင်ရန် မြေပုံရေးဆွဲပေးခဲ့သည့် မိုင်းနော်ဝေါင်နှင့် မိုင်းဖိုတ်ခြိုဝ်းတို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

## ပလောင်အမျိုးသမီးအစည်းအရုံး၏ ယုံကြည်မှု

အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြု လေးစားခြင်း၊ နိုင်ငံရေးနှင့် လူမှုရေး လုပ်ငန်းစဉ်များတွင် အဆင့်နေရာ တိုင်း၌ အမျိုးသမီးများကို ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်းသည် တရားမျှတမှုရှိသည့် လူ့ဘောင်အဖွဲ့အစည်း တရပ်ထူထောင်ရာတွင် လုပ်ငန်းတခုအနေဖြင့် ပါဝင်သည်ဟု ပလောင် အမျိုးသမီး အစည်းအရုံး (PWO) က ယုံကြည်ပါသည်။

## အဖွဲ့အစည်းအကြောင်း

အခြားသော ပလောင်အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှု ရှားပါးနေသည်ကို အဖြေရှာသည့် အနေဖြင့် ပလောင် အမျိုးသမီးအစည်းအရုံး (PWO) ကို (၂၀၀၀) ခုနှစ်တွင် စတင် တည်ထောင ်ခဲ့ပါသည်။ အချို့သော ယဉ်ကျေးမှု "လေ့ထုံးတမ်းများကြောင့် အမျိုးသားများသည် ပညာပေးသင်တန်းများ၊ အင်္ဂလိပ်စာနှင့် ကွန်ပြူတာ ကျွမ်းကျင်မှု သင်တန်းများ၊ ခေါင်းဆောင်မှု အခွင့်အရေးများ ပို၍ ရနိုင်ခြေရှိနေသည်ကို တွေ့ရပါသည်။

ပလောင် အမျိုးသမီး အစည်းအရုံးကို အမျိုးသမီးများအား ပညာ ပေးရန်နှင့် စွမ်းရည်မြှင့်တင် ဆောင်ရွက်ပေးရန် ရည်ရွယ်ဖွဲ့ စည်းခဲ့ခြင်း ဖြစ်ပါသည်။ သို့မှသာလျှင်၊ သူတို့၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို ပိုမိုနိုင်မာစွာ ကျင့်သုံးလာနိုင်ပြီး၊ လူမှုအဖွဲ့အစည်း အတွင်း တန်းတူရည်တူ ပါဝင်ဆောင်ရွက်လာနိုင်စေရန် ဖြစ်ပါ သည်။

## ရည်မှန်းချက်ပန်းတိုင်

လောင်အမျိုးသမီးအစည်းအရုံးသည် တန်းတူညီမျှမှုနှင့် ငြိမ်းချမ်း၍ တရားမျှတသော လူ့ဘောင်အဖွဲ့ အစည်းသို့ ရှေ့ရှု၍ ပလောင်အမျိုးသမီးဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက် နေသည့် အဖွဲ့ အစည်းဖြစ်သည်။


## ပလောင်အမျိုးသမီး အစည်းအရုံး၏ ရည်ရွယ်ချက်များ

- § ပလောင်အမျိုးသမီးများ၏ လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရန်နှင့် နိုင်ငံရေးဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍတိုင်းတွင် ပါဝင်လာစေရန်။
- § ပလောင်စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြင့်တင်ရန်။
- § မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးရရှိရေး လှုပ်ရှားမှု ပါဝင်လုပ်ဆောင်ရန်။
- § အခြားသောအမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသမီး အခွင့်အရေးနှင့် ကျားမ တန်းတူရရှိရေးအတွက် လုပ်ဆောင်သွားရန်။


## ဆက်သွယ်ရန်လိပ်စာ

PO Box (98)
Maesot, Tak 63110
Thailand.

E-mail: pwotaang@gmail,com



ဤအစီရင်ခံစာသည် ၂၀၀၆ခုနှစ်တွင် ထုတ်ထားသော တိုးတက်များပြားလာ
နေသော မူးယစ်ဆေးစွဲ ပြဿနာကြောင့် မြန်မာနိုင်ငံအတွင်းရှိ
ပလောင်အမျိုးသမီးအပေါ် ဆိုးကျိုးသက်ရောက်မှုများစာအုပ်
www.womenofburma.org


ကျမတို့ဒေသမှာ ဘိန်းစွဲတဲ့သူနဲ့ အိမ်ထောင်မပြုဘူးဆိုရင်
ဘယ်သူနဲ့မှ အိမ်ထောင်ပြုစရာ ရှိတော့မှာ မဟုတ်ဘူး၊
လူတိုင်းက ဘိန်းစွဲ ဆေးစွဲနေတဲ့သူတွေ ဖြစ်နေကြပြီ၊
ဆေးမသုံးတဲ့သူဆိုလို့ ဘုန်းကြီးကျောင်းမှာနေတဲ့ ဘုန်းကြီး
ရဟန်းတွေလောက်ပဲ ရှိတော့တယ်။
(အီကော၊ နမ့်ခမ်းမြို့နယ်)